# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ သောကြာနေ့ အတွဲ (၆၂)၊ အမှတ် (၁၄၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၅) နှစ်မြောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် အဖွင့်အမှာစကား ပြောကြားစဉ်။

### (၇၅)နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၆

(၇၅) နှစ်မြောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ်အဖြစ် မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍




# နိုင်ငံသားကောင်းတာဝန်

ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် ယင်းနိုင်ငံ၏ နိုင်ငံသားများ အရည်အသွေးမြင့်ရန် အရေးကြီးသည်။ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်၌ ပါဝင်သော နိုင်ငံသားများ စိတ်ဓာတ်အဆင့် အတန်းမြင့်မား၊ လုံ့လဝီရိယ၊ ဉာဏ်အမြော်အမြင်တို့ ပြည့်စုံသည်နှင့်အမျှ နိုင်ငံတော်ကိုလည်း ကောင်းသည်ထက် ကောင်းအောင် တည်ဆောက်နိုင်ကြမည်ဖြစ်သည်။ ထို့အပြင် အရည်အသွေးမြင့်မားသော နိုင်ငံသားများကသာ ဒီမိုကရေစီ လူ့ဘောင်ကို တည်ဆောက်ရေးအတွက် လိုအပ်သော အရည်အချင်းပြည့်ဝသည့် ပြည်သူ့ကိုယ်စားလှယ်မျိုးကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ကြမည်လည်း ဖြစ်သည်။

ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများသည် မရှိမဖြစ် လိုအပ်စေကာမူ အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်ပါက မိမိပါတီအကျိုးကို ဦးစားပေးသည့် ပါတီမျိုးမှာမူ မရှိအပ်သည်သာ ဖြစ်သည်။ ယင်းကဲ့သို့သော ပါတီနှင့် နိုင်ငံရေးသမားတို့မှာ ၎င်းတို့ပါတီနှင့် ကိုယ်ကျိုးစီးပွားအတွက် ပြည်သူကိုလည်းကောင်း၊ ပြည်သူလူထုကြားမှ လူမှုရေးရာပြဿနာများကို လည်းကောင်း အမြတ်ထုတ်အသုံးချကာ လှုံ့ဆော်မှု၊ သွေးခွဲရန်တိုက်ပေးမှုများ ပြုလုပ်ခြင်းအားဖြင့် ပြင်းထန်သည့် ခံစားမှုများကို ဖြစ်ပေါ်စေကာ လူ့အဖွဲ့အစည်းအတွင်း ဆန့်ကျင်ကွဲပြားမှုများမှသည် ပဋိပက္ခများအထိ ဖြစ်လာစေပြီး တည်ငြိမ်အေးချမ်းမှုနှင့် ညီညွတ်မှုတို့ကို ပျက်ပြားစေသည်။ အရည်အသွေးမြင့်သည့် နိုင်ငံသားများအနေဖြင့်မူ ကျင့်ဝတ်ပျက်ပြားသည့် နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးသမားများကို ပယ်ရှားထိန်းကျောင်းနိုင်ကြမည်ဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံသည် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလတစ်ရပ်ကို ဖြတ်သန်းနေရဆဲဖြစ်ပြီး ပြည်တွင်းပြည်ပမှ အကြမ်းဖက်ဝါဒီများက နိုင်ငံကို အလုံးစုံပျက်သုဉ်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် မီးကုန်ယမ်းကုန် အစွမ်းကုန် အားထုတ်နေကြသည့် အချိန်ဖြစ်သည်။ အကြမ်းဖက်၊ လူသတ်၊ မီးရှို့၊ ဖောက်ခွဲဖျက်ဆီးသည့် လုပ်ရပ်များကို လက်မရွံ့ကျူးလွန်နေကြသည့်နည်းတူ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး စသည့် ဘက်ပေါင်းစုံတို့တွင်လည်း အတွေးမှား၊ အမြင်မှားများ ဖြစ်ပေါ်လာအောင်၊ အတွေးအခေါ်များ အဆိပ်သင့်လာအောင် မီဒီယာနည်းလမ်းများကို အသုံးပြုဆောင်ရွက်လျက်ရှိကြရာ ရုပ်ပိုင်းအရ အကြမ်းဖက်မှုများကိုရော၊ စိတ်ပိုင်းအရ အကြမ်းဖက်မှုများကိုပါ သတိပြုရှောင်ရှားနိုင်ကြရမည်ဖြစ်သည်။ ပြည်သူလူထုအတွင်း အသိမှား၊ အမြင်မှားများနှင့် ကောလာဟလများကိုဖြန့်ချိ၍ စိတ်ခံစားမှုကို အဆုံးထိမြှင့်တင်ပေးပြီး ပြည်သူကို စတေးကာ နိုင်ငံရေးအမြတ်ထုတ်မှုများကိုလည်း ဆင်ခြင်တုံတရားဖြင့် တွေ့မြင်နိုင်စွမ်းရှိကြရန် လိုသည်။ တော်လှန်ရေးဟူ၍ အမည်ခံကာ မိမိတို့အား ထောက်ခံသူများ၏ ဘဝများနှင့်ရင်း၍ အာဏာကို အချောင်ရယူရန် ကြိုးပမ်းနေမှုများ၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ လိမ်လည်လှည့်ဖျားကာ သူတစ်ပါး၏ ချွေးနည်းစာတို့ကိုအလျူခံ ကိုယ်ကျိုးရှာမှုများမှာ တစ်နေ့တခြား ပိုမို၍ ပေါ်လွင်လာနေပြီဖြစ်ရာ အပုပ်နံ့တထောင်းထောင်းပင် ထနေပြီဖြစ်သည်။

နိုင်ငံနှင့်လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် နိုင်ငံ့သားကောင်း တစ်ဦးစီတိုင်းက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍများအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ကြိုးပမ်းကြရပါမည့်အကြောင်း။ ။

## ၂၀၂၃ ခုနှစ် ဂျပန်ဘာသာ အရည်အချင်းစစ်စာမေးပွဲအတွက် လျှောက်လွှာများ လက်ခံမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

၂၀၂၃ ခုနှစ် ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ (JLPT)ကို ဇူလိုင် ၂ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ ကျင်းပမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုလိုသူများအတွက် တစ်ဦးချင်း လျှောက်လွှာများ လျှောက်ထားခြင်းကို ယခုလ ၂၁ ရက်မှစ၍ အွန်လိုင်းမှ လက်ခံတော့မည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမှ လျှောက်လွှာလက်ခံရာတွင် Level အားလုံးအတွက် လူဦးရေ အကန့်အသတ်မရှိ လက်ခံမည်ဖြစ်သည်။ Level N1 နှင့် Level N2 အတွက် ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၃ရက် အထိ၊ Level N3 အတွက် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၃ ရက်အထိ၊ Level N4 အတွက် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ၊ Level N5 အတွက် ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၃ ရက်အထိ လက်ခံမည်ဖြစ်သည်။ ရန်ကုန်စာဖြေဌာနနှင့် မန္တလေးစာဖြေဌာနအတွက် Level အလိုက် တစ်ပြိုင်နက် လက်ခံမည်ဖြစ်သည်။ လူဦးရေ ကန့်သတ်ထားခြင်း မရှိသည့်အတွက် လျှောက်လွှာလက်ခံကာလအတွင်း မိမိ အဆင်ပြေသည့်ရက်တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်လျှောက်ထားနိုင်သည် ။

ထို့ပြင် လျှောက်လွှာလက်ခံကာလ မတိုင်မီ ဖေဖော်ဝါရီ ၂၀ မှစ၍ မှတ်ပုံတင်ခြင်း(Registration)ကို စတင်ပြုလုပ်နိုင်မည်ဖြစ်ပြီး Registration ပြုလုပ်ခြင်းမှာ လျှောက်လွှာမတင်မီ အချက်အလက်များ ကြိုတင်ဖြည့်သွင်းခြင်း အဆင့်ဖြစ်ကာ လျှောက်လွှာလက်ခံကာလတစ်လျှောက်လုံးတွင်လည်း Registration ပြုလုပ်နိုင်မည်ဖြစ်သည်။ Registration ပြုလုပ်ရာတွင် အမည်၊ မွေးသက္ကရာဇ်အပါအဝင် ကိုယ်ရေးအချက်အလက်များ ဖြည့်စွက်ရမည်ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များသည် လျှောက်လွှာလက်ခံချိန်တွင် အလိုအလျောက် ဖြည့်သွင်းပြီးဖြစ်ကာ လျှောက်လွှာလက်ခံသည့်ရက်တွင် Registration ပြုလုပ်စဉ်က မပါဝင်ခဲ့သည့် အချက်အလက်များကိုသာ ဆက်လက်ဖြည့်သွင်းရမည်ဖြစ်သည်။

သက်သေခံကတ်ပြား တစ်ခုအတွက် Registration ပြုလုပ်ခြင်းနှင့် လျှောက်လွှာတင်ခြင်း တစ်ကြိမ်သာ ပြုလုပ်ရမည်ဖြစ်ပြီး Registration ပြုလုပ်ခြင်းနှင့် လျှောက်လွှာတင်ခြင်းများအတွက် မိမိကိုယ်ပိုင် အီးမေးလ်လိပ်စာတစ်ခု မဖြစ်မနေ လိုအပ်မည်ဖြစ်သည်။

ကျောင်းအလိုက်လျှောက်လွှာတင်ခြင်း၊ အွန်လိုင်းဖြင့် လျှောက်လွှာတင်ခြင်းလမ်းညွှန်၊ ကြိုတင်မှတ်ပုံတင်ပြုလုပ်ခြင်း လမ်းညွှန်တို့နှင့် ပတ်သက်၍ ထပ်မံကြေညာပေးမည်ဖြစ်ပြီး JLPT စာမေးပွဲနှင့် ပတ်သက်၍ မေးမြန်းလိုပါက JLPT စာမေးပွဲကျင်းပရေးကော်မတီ မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း ဖုန်း- ၀၉ ၄၂၈၇၅၆၇၄၆၊ ၀၉ ၉၈၆၀၉၃၆၃၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

ကျန်းမာရေးဝန်ကြီးဌာန

(၅၁) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မှ ၂၄ ရက်နေ့အထိ

ဆေးသုတေသနဦးစီးဌာန　　အမှတ်(၅)၊ ဇီဝကလမ်း၊ ရန်ကုန်မြို့

## မြဝတီမြို့၌ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသိပညာပေး

**မြဝတီ ဖေဖော်ဝါရီ ၁၆**

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား အများပြည်သူများသိရှိစေရန် အသိပညာပေး Talk Show ကို ကရင်ပြည်နယ် မြဝတီမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနတွင် ယမန်နေ့က ကျင်းပသည်။

အဆိုပါ အသိပညာပေး Talk Show တွင် မြဝတီခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးဝင်းထွန်းက အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများနှင့် ပတ်သက်ပြီး ဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ အဆိုပါလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရမည့် အခြေအနေများ၊ မြဝတီမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ဆွေးနွေးပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့က မြို့အဝင်ဂိတ်များ စစ်ဆေး

**သာပေါင်း ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့တို့က ကြပ်မတ်စစ်ဆေးခြင်းများကို ယနေ့နံနက်ပိုင်းမှစတင်၍ ကွက်ပြင်ကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာရှိ မြို့အဝင်စစ်ဆေးဂိတ်၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှဝင်း၊အဖွဲ့ဝင်(၁)ဗိုလ်မှူးသန်းနိုင်၊ အဖွဲ့ဝင်(၂) ဦးကျော်တိုး၊ အဖွဲ့ဝင်(၃) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်မြတ်ဇော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိန်ဆန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဒုတိယရဲမှူး ဝင်းနိုင်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးဦးထွန်းမင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးဇော်သိန်း (ပြန်/ဆက်)**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ပလက်ဝမြို့ အ.ထ.က(၁)၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲကျင်းပ

**ပလက်ဝ ဖေဖော်ဝါရီ ၁၆**

ချင်းပြည်နယ် ပလက်ဝမြို့ အ.ထ.က(၁)၌ (၂၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီကာတွန်း၊ ပိုစတာ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အ.ထ.က(၁) ကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများတွင် အထက်တန်းဆင့် စုစုပေါင်း ၄၀၊ အလယ်တန်းဆင့် စုစုပေါင်း ၃၂ ဦး၊ မူလတန်းဆင့် စုစုပေါင်း ၅၀၊ ထက်၊ လယ်၊ မူ စုစုပေါင်း ၁၂၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲသို့ အမှတ်(၁၁)တပ်မဌာနချုပ်၊ တပ်မမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

○ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့် ပညာရှင်များ၊ တက္ကသိုလ်များမှ နည်းပြများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနား ကျင်းပပြုလုပ်မည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ သို့ ရောက်ရှိကြပြီး ရုရှား - မြန်မာ ချစ်ကြည်ရေး မှတ်တမ်းဗီဒီယိုနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များက **"သမိုင်းတစ်ခေတ် တို့ဖွင့်လှစ်မည်"** သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ယင်းနောက် မြန်မာ-ရုရှား ခေတ်အဆက်ဆက်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

**ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၅) နှစ်မြောက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ်အဖြစ် အဖွင့်အမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဖိုရမ်ကြီးကို မြန်မာ - ရုရှား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရန်နှင့် ကဏ္ဍပေါင်းစုံ၌ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ သံတမန်ဆက်သွယ်ထူထောင်မှုသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင်(၇၅)နှစ် ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး သမိုင်းကို ပြန်ကြည့်ပါက ခေတ်အဆက်ဆက်တွင် ရင်းနှီးချစ်ခင်မှုခိုင်မြဲခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ယခင်ကထက် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရုံသာမက နှစ်နိုင်ငံတပ်မတော်အကြား၌လည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်မှုကိစ္စရပ်များ၊ သိပ္ပံနည်းပညာဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များသာမက အခြားကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို မြှင့်တင်နိုင်ခဲ့ပါကြောင်း။

အထူးသဖြင့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အမြဲတမ်းမိတ်ဆွေနိုင်ငံ၊ အမြဲတမ်းမဟာမိတ်နိုင်ငံများအဖြစ် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး ရုရှား-မြန်မာချစ်ကြည်ရေးအသင်းများ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်ရေး၊ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ အရပ်ဘက်စစ်ဘက် ပညာတော်သင်များ ထပ်မံစေလွှတ်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြန်အလှန်စေလွှတ်သွားရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာနှင့်ဒေသတွင်းဆက်ဆံရေး အခြေအနေများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရေးဟူသည့် လုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း။

**နီးနီးကပ်ကပ် ရင်းနှီးချစ်ကြည်ဆက်ဆံလာ**

အတိတ်သမိုင်းကြောင်းကို ပြန်ကြည့်ပါက ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပထဝီအနေအထားအရ သမုဒ္ဒရာကြီးများနှင့် တိုက်ကြီးများ ခြားထားသော်လည်း နှစ်နိုင်ငံ အပြန်အလှန်နားလည်မှု၊ စီးပွားရေးအခွင့်အလမ်းနှင့် မဟာဗျူဟာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများအပေါ် အခြေခံပြီး နီးနီးကပ်ကပ် ရင်းနှီးချစ်ကြည်ဆက်ဆံလာခဲ့ကြသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း။

ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ သံတမန်ဆက်ဆံရေးတွင် ဆဋ္ဌမမြောက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်ကတည်းက သံတမန်ဆက်ဆံခဲ့ကြခြင်းဖြစ်သဖြင့် ရင်းနှီးကျွမ်းဝင်မှုများ အခိုင်အမာရှိနေပြီဟု ပြောရမည်ဖြစ်ပါကြောင်း။

**ရေးသားကြေညာခဲ့သည်ကို တွေ့မြင်နိုင်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြေညာစာတမ်းတွင် **"ငါတို့ လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီး၏ သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင်တည်မည်။ ငါတို့သည် လွတ်လပ်သော နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သော နိုင်ငံအပေါင်းတို့ တရားသဖြင့် ကျင့်ဆောင်အပ်သော ကျင့်ဝတ်ကို စောင့်ရှောက်ကျင့်ဆောင်မည်။ ငါတို့၏ လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏ လွတ်လပ်ရေးကိုလည်း ငါတို့ လေးစားစောင့်စည်းမည်။ ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့်အတူ လက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။ ဤငါတို့ ကြေညာချက်ကို တစ်ကမ္ဘာလုံး တစ်ယောက်မကျန် ကြားသိစေသတည်း"** ဟု ရေးသားကြေညာခဲ့သည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါကြောင်း။

ယင်းကြေညာစာတမ်းကိုကြည့်ပါက မိမိတို့မြန်မာနိုင်ငံသားများသည် လွတ်လပ်ရေးကို လေးစားမြတ်နိုး တန်ဖိုးထားထိန်းသိမ်းသူများ၊ ငြိမ်းချမ်းရေးကို အလေးထားမှုများ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိမှုများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

◆ **မိမိတို့မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်ခိုင်မြဲစေရန် အစဉ်တစိုက် အလေးထားဆောင်ရွက်သွားမည်၊ ရုရှားနိုင်ငံကို မိတ်ကောင်းဆွေကောင်းအဖြစ် လေးစားတန်ဖိုးထားပြီး နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းနိုင်အောင် ဘက်ပေါင်းစုံမှ ဖော်ဆောင်သွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံ ပြည်သူများအချင်းချင်း ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် အဖွဲ့ဝင်များ ရုရှား - မြန်မာ ချစ်ကြည်ရေး မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးသံရှင်များ၏ သီဆိုဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ယနေ့ကမ္ဘာကြီးတွင် အင်အားကြီးနိုင်ငံအချို့သည် နိုင်ငံငယ်များ၏ ပြည်တွင်းရေးကိစ္စများတွင် အကြောင်းအမျိုးမျိုးပြကာ ဝင်ရောက်စွက်ဖက်ပြီး တည်ငြိမ်မှုပျက်ပြားအောင်၊ စည်းလုံးညီညွတ်မှုပြိုကွဲအောင် နည်းလမ်းမျိုးစုံ အသုံးပြုပြီး ဆောင်ရွက်နေကြပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံငယ်လေးများအပေါ် မလိုတစ်မျိုး လိုတစ်မျိုးလုပ်ပြီး ဖိအားပေးအကျပ်ကိုင်မှုများ၊ အနိုင်ကျင့်ဗိုလ်ကျမှုများ၊ ခွဲခြားဆက်ဆံမှုများ ပြုလုပ်နေသည်ကို တွေ့မြင်နေရပါကြောင်း။

အထူးသဖြင့် မိမိတို့ မြန်မာနိုင်ငံကဲ့သို့ ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံငယ်တစ်ခုကို ၎င်းတို့အလိုကျ ပုံဖော်ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်းသြဇာ ကျယ်ပြန့်လာစေရေးအတွက် နည်းလမ်းမျိုးစုံနှင့် ဖိအားပေးအကျပ်ကိုင်မှုများ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်မှုများ၊ ပိတ်ဆို့အရေးယူမှုများ၊ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများကို စဉ်ဆက်မပြတ် တစိုက်မတ်မတ် အရှိန်ယူဆောင်ရွက်နေသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါကြောင်း။

ထိုကဲ့သို့ နိုင်ငံကြီးအချို့၏ မြန်မာနိုင်ငံအပေါ် အဆိုးမြင်စိတ်များစွာနှင့် အလုံးစုံပျက်သုဉ်းရေး ရည်ရွယ်ကျင့်ကြံ ဆောင်ရွက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် မိတ်ကောင်းဆွေသဟာပီသစွာ အမြဲဖေးမကူညီရပ်တည်ပေးသည့် ရုရှားနိုင်ငံ၏ ခေါင်းဆောင်များနှင့် ရုရှားနိုင်ငံသူ၊ နိုင်ငံသားများကို အထူးပင် ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

### ဘက်ပေါင်းစုံမှ ဖော်ဆောင်သွားမည်

မိမိတို့ မြန်မာနိုင်ငံသည် ရုရှားနိုင်ငံနှင့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်ခိုင်မြဲစေရန် အစဉ်တစိုက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း၊ ရုရှားနိုင်ငံကို မိတ်ကောင်းဆွေကောင်းအဖြစ် လေးစားတန်ဖိုးထားပြီး နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းနိုင်အောင် ဘက်ပေါင်းစုံမှ ဖော်ဆောင်သွားမည်ဖြစ်သကဲ့သို့ နှစ်နိုင်ငံပြည်သူများ အချင်းချင်းရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံး လိုအပ်နေသည့်အရာသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ပင် ဖြစ်ပါကြောင်း၊ ထိုအရာများသည် တစ်သီးခြားစီ ရပ်တည်၍မရဘဲ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေရသည့် အရာများပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှု မရှိဘဲ တည်ငြိမ်မှုမရနိုင်သကဲ့သို့ ငြိမ်းချမ်းမှုနှင့်တည်ငြိမ်မှု မရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်လို့မရနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်များ ပြည့်စုံရေးအတွက် မိမိတို့အားလုံးသည် နိုင်ငံတကာဆက်ဆံရေး ခိုင်မာအားကောင်းလာစေရန် မဖြစ်မနေ ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။

> ❖ **မိမိအနေဖြင့် ရုရှားနိုင်ငံခရီးစဉ်များတွင် မြန်မာနိုင်ငံတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးကြရန် ဖိတ်ခေါ်ခဲ့ခြင်းကြောင့် အခုအချိန်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရပြီး မကြာခင် ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်**

တစ်နည်းအားဖြင့် ကမ္ဘာ့မျက်နှာစာအသီးသီးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ ပြည်သူတစ်ဦးနှင့် တစ်ဦး ပူးပေါင်းဆောင်ရွက်နိုင်မှသာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း။

### တက်ကြွစွာ ပါဝင်ဆောင်ရွက်

အားလုံးသိကြသည့်အတိုင်း ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးစ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံဖြစ်သည့် မိမိတို့မြန်မာနိုင်ငံသည် များစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း ကုလသမဂ္ဂအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်လာချိန်မှစပြီး ယနေ့အချိန်အထိ ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ရေးကို နိုင်ငံခြားရေးမူဝါဒ၏ အုတ်မြစ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကုလသမဂ္ဂကြီးကို ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းမှု၊ သဟဇာတဖြစ်မှုနှင့် တရားမျှတမှုရှိပြီး သာယာဝပြောသည့် ကမ္ဘာ့အသိုက်အဝန်းကြီးဖြစ်ပေါ်လာရေးအတွက် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဟု ယုံကြည် မျှော်လင့်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

သို့သော် အင်အားကြီးကမ္ဘာ့နိုင်ငံအချို့သည် နိုင်ငံငယ်များအပေါ် တစ်ဖက်သတ် ဝါဒစွဲဖြင့် မတူညီသည့်နိုင်ငံရေးစနစ်ဖြင့် အတွေးအခေါ်များအပေါ် လွှမ်းမိုးထိန်းချုပ်နိုင်ရန် နည်းလမ်းမျိုးစုံနှင့် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း အားလုံးက သတိပြုကြရန်လိုအပ်ပါကြောင်း၊ အဆိုးဆုံးမှာ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို အကြောင်းပြ၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုမှုများကို စိတ်မကောင်းဖွယ် တွေ့မြင်နေရပါကြောင်း။

ယခုကဲ့သို့သော အခြေအနေတွင် နိုင်ငံများအနေဖြင့် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ရေးတို့ကို လေးစားလိုက်နာဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့နိုင်ငံအနေဖြင့် တစ်ဖက်က နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင်လည်း အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အာဆီယံ၏ သဘောထားရပ်တည်ချက်များအတိုင်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြည့်အဝ ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

### တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်ကြီးဖြစ်

မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှဒေသ၏ အချက်အချာနေရာတွင် တည်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံဖြစ်ပါကြောင်း၊ မြောက်ပိုင်းဒေသတွင် နှင်းဖုံးသည့်တောင်တန်းကြီးများ၊ အလယ်ပိုင်းတွင် ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေပြန့်လွင်ပြင်များနှင့် တောင်ဘက်ပိုင်းတွင် ပင်လယ်ပြင်နှင့် ကျွန်းစုများရှိသည့်အတွက် ရေမြေရာသီဥတု လွန်စွာသာယာလှပသကဲ့သို့ စားရေရိက္ခာနှင့် သဘာဝတွင်းထွက်ပစ္စည်းများ ထွက်ရှိသည့်အတွက် သဘာဝကဖန်တီးပေးထားသည့် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံတော်ကြီးဖြစ်ပါကြောင်း။

ယခုကဲ့သို့ တန်ဖိုးရှိသည့် ရေမြေရာသီဥတုနှင့် သဘာဝတရားများကို အကျိုးရှိစွာ အသုံးချပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့အကျိုး၊ တိုင်းရင်းသား ပြည်သူတို့၏အကျိုးကိုရှေးရှုပြီး **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** ဟူသည့် ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအကျိုးကို ရှေးရှုပြီး လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ရှာဖွေကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် အခွင့်အလမ်းကောင်းများစွာရှိပြီးသားဖြစ်သည့်အတွက် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် အားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်သည့်အခါတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပညာသင်ကြားရေးလုပ်ငန်းများကို အဓိကထားပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအဖြစ် နှစ်နိုင်ငံကူးလူးဆက်ဆံရေး၊ ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍများ၊ ယဉ်ကျေးမှုနှင့် အားကစားဆိုင်ရာကဏ္ဍများအပြင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည့်အတွက် မိမိတို့ကျရာကဏ္ဍမှ အတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိအနေဖြင့် ရုရှားနိုင်ငံခရီးစဉ်များတွင် မြန်မာနိုင်ငံတွင် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးကြရန် ဖိတ်ခေါ်ခဲ့ခြင်းကြောင့် အခုအချိန်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရပြီး မကြာခင် ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ အကျိုးကိုလိုလားသည့် မည်သည့်နိုင်ငံ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိသည်ကိုလည်း အသိပေးပြောကြားလိုပါကြောင်း။

### မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေး

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကာလကတည်းက ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက်ကို အစဉ်တစိုက် လက်ခံကျင့်သုံးဆောင်ရွက်နေသကဲ့သို့ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ အစိုးရသက်တမ်းကာလတွင် အမျိုးမျိုးသောဖိအားများ၊ ဝေဖန်မှုများ၊ ပြစ်တင်မှုများကြားက မြန်မာနိုင်ငံ၏ ပကတိအခြေအနေများအပေါ် နားလည်သဘောပေါက်ပြီး ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် ရုရှားနိုင်ငံအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့်လူပုဂ္ဂိုလ်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ယနေ့ဖိုရမ်တွင် ဆွေးနွေးကြမည့် အကြောင်းအရာများ၊ ဆွေးနွေးမည့် ပုဂ္ဂိုလ်များသည် ရုရှား-မြန်မာချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ အတွေးအမြင်များ၊ နည်းလမ်းများ ရှာဖွေဆွေးနွေးကြမည်ဖြစ်သဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် တက်ရောက်လာသူအားလုံးက တက်ကြွစွာ ပါဝင်ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ **သမိုင်းကြောင်းအရ နှစ်ပေါင်းများစွာ ဖြစ်တည်ရှည်ကြာခဲ့သည့် ရုရှား-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ကြာတည်တံ့ပါစေ၊ ရုရှား-မြန်မာယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ပါစေ၊ ရုရှား-မြန်မာ နှစ်ပြည်ထောင် တိုးတက်ဖွံ့ဖြိုးပါစေဟု** ဆုတောင်းပါကြောင်း ပြောကြားသည်။

**ပိုမိုတိုးတက်စေရေး ကြိုးပမ်း**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက ပြောကြားရာတွင် ယနေ့ မိမိတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား (၇၅) နှစ်မြောက် သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် အခမ်းအနားတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ခေတ်အဆက်ဆက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းခတ်ပုံများကို တွေ့မြင်ရသည့်အတွက်လည်း ဝမ်းမြောက်ပီတိဖြစ်မိပါကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးနယ်ပယ်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုခြင်းဆိုင်ရာများတွင်လည်း ပူးပေါင်းဆောင်ရွက်ရေးလမ်းစကို အစပျိုးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မိမိတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် အစဉ်အမြဲလိုလားပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၏ Rossiya Vperod ရုရှား တေးသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရာ **"မြန်မာ-ရုရှား ဆက်ဆံရေး မျက်မှောက်နှင့် အနာဂတ်ခရီး"** ခေါင်းစဉ်ကို သဘာပတိ ဦးကိုကို ဦးဆောင်၍ ဦးခင်မောင်ဖေ၊ ဒေါက်တာ နိုင်ဆွေဦးနှင့် ဦးကျော်လင်းဦးတို့က ဆွေးနွေးကြပြီး အမေးအဖြေကဏ္ဍများ ပြုလုပ်ကြသည်။ မွန်းလွဲပိုင်းတွင် **"မြန်မာ – ရုရှား ဆက်ဆံရေးနှင့် မြန်မာ့လူမှုစီးပွားအပေါ် အကျိုးဖြစ်ထွန်းမှုများ"** ခေါင်းစဉ်ကို သဘာပတိ ဦးကိုကို ဦးဆောင်၍ ဒေါက်တာ နန္ဒာမွန်၊ ဒေါက်တာ မောင်သင်းနှင့် ဦးရဲမင်းအောင်တို့က ဆွေးနွေးကြပြီး အမေးအဖြေကဏ္ဍများ ပြုလုပ်ကြသည်။

ထို့နောက် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းကို ဆောင်ရွက်ကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များက Nadejda သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




(၇၅)နှစ်မြောက် မြန်မာ – ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုအထိမ်းအမှတ် မြန်မာ – ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကျင်းပစဉ်။



## မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီးအတွင်း ရောက်ရှိနေသော တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် ယနေ့တွင် မကွေးမြို့နယ် မိကျောင်းရဲကျေးရွာရှိ တိုက်နယ်ဆေးရုံ၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ စုစုပေါင်း ၈၀၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၃၀၊ ခွဲစိတ်ရောဂါ ၇၆ ဦး၊ ကလေးရောဂါ ၅၅ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၀၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၁၇၃ ဦး၊ သွားရောဂါ ၃၆ ဦးနှင့် အထွေထွေရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ရှစ်ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၇၀၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၈ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၅၁ ဦးတို့ကို ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်နှင့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်တို့ဖြင့် ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ ၂၇ ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

၎င်းအပြင် နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား သွေးတိုးရောဂါနှင့် ဆီးချို၊ သွေးချိုရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို စားရေးအဆင်ပြေစေရန်အတွက် တာဝန်ရှိသူများက နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## "ငြိမ်းချမ်းမှုအတွက် ရေဒီယို၏ စွမ်းအား" အသိပညာ မျှဝေမှုဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ Online ဖြင့် ပါဝင်တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ ရုပ်သံနှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Asia-Pacific Institute for Broadcasting Development – AIBD) ၏ မလေးရှားနိုင်ငံမှ စီစဉ်ကျင်းပသည့် "ငြိမ်းချမ်းမှုအတွက် ရေဒီယို၏ စွမ်းအား" (Tuning into Peace: The Power of Radio) အသိပညာ မျှဝေမှုဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်တွင် Video Conferencing ဖြင့် ကျင်းပရာ အာရှ – ပစိဖိတ် ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်ပေါင်း ၆၀ ခန့်နှင့်အတူ မြန်မာနိုင်ငံ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်း လေးဦး တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲကို ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်မှုကို ထောက်ခံ အားပေးရန်အတွက် အရေးကြီးသော ဆက်သွယ်ရေးမီဒီယာတစ်ခုအဖြစ် ရေဒီယိုအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို မီးမောင်းထိုးပြရန်နှင့် ဒေသတွင်းရုပ်သံထုတ်လွှင့်သူများအတွက် ပလက်ဖောင်းတစ်ခု ပံ့ပိုးပေးနိုင်ရန် အဓိကရည်ရွယ်ပြီး ပြုလုပ်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ရေဒီယိုလုပ်ငန်းသည် ပဋိပက္ခနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားစေသော အကြောင်းရင်းခံများနှင့် အကျိုးဆက်များ အကြောင်း ပြည်သူလူထုအား ပြန်ကြားပေးနိုင်မှုနှင့် ပညာပေးနိုင်မှုများ၊ အုပ်စုအမျိုးမျိုးအကြားတွင် နားလည်မှုနှင့် သည်းခံနိုင်မှုတို့ကို မြှင့်တင်နိုင်မှုများ၊ ငြိမ်းချမ်းမှုကို မြှင့်တင်ရာတွင် ရေဒီယို၏ အခန်းကဏ္ဍ၊ ဘေးအန္တရာယ်နှင့် အကျပ်အတည်း စီမံခန့်ခွဲမှုတွင် ရေဒီယို၏ အခန်းကဏ္ဍနှင့် ရေဒီယိုမှတစ်ဆင့် ငြိမ်းချမ်းမှုမြှင့်တင်ခြင်းကို ပညာပေးခြင်းဆိုင်ရာများအား မလေးရှား၊ ဗီယက်နမ်၊ တူနီးရှား၊ နီပေါနှင့် အိန္ဒိယနိုင်ငံတို့မှ ကျွမ်းကျင်ပညာရှင်များက အမြင်ချင်းဖလှယ်ကာ မျှဝေဆွေးနွေးခဲ့ကြသည်။



AIBD သည် ယူနက်စကို၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှနှင့်ပစိဖိတ် ဒေသတွင်းရှိ နိုင်ငံများမှ ရုပ်သံနှင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသတွင်းရှိ Free to Air Broadcaster များနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ Full Member အဖွဲ့အစည်း ၄၈ ဖွဲ့နှင့် အာရှ၊ ပစိဖိတ်၊ ဥရောပ၊ အာဖရိက၊ အာရပ်နှင့် မြောက်အမေရိက စသည့်ဒေသများရှိ မိတ်ဖက်အဖွဲ့အစည်းပေါင်း ၅၀ ကျော်ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ၁၉၇၇ ခုနှစ်မှစ၍ တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး AIBD မှ ကြီးမှူးကျင်းပပြုလုပ်သည့် အစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများသို့ သင့်လျော်သလို စိစစ်ပြီး ပါဝင်တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

# ရုရှားဈေးကွက်ခရီးသွားမြှင့်တင်ရေးနှင့် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ

မျိုးမျိုးသန်း(ဟိုတယ်/ခရီး)

ခရီးသွားလုပ်ငန်းသည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်ဒေသများသို့ သွားလာလည်ပတ်ရေးသာမက ခရီးစဉ်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ချမ်းမြေ့သာယာရေး၊ အတွေ့အကြုံသစ်များနှင့် နိုင်ငံကိုယ်စားပြု အမှတ်တရပစ္စည်းများ ဖန်တီးရေးတို့ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရသဖြင့် လုပ်ငန်းကဏ္ဍကျယ်ပြန့်များပြားသည့်နည်းတူ မိမိတို့၏သဘာဝရှိရင်းစွဲအရင်းအမြစ်များကို အခြေခံ၍ နိုင်ငံခြားငွေအမြောက်အမြားကို ရှာဖွေပေးနိုင်သည့် လုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းမှ ဝင်ငွေများသည် အလွှာပေါင်းစုံသို့ စီးဝင်သက်ရောက်မှုရှိသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအားဖြင့် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများရှိခြင်း (Attraction)၊ သွားလာမှုလွယ်ကူခြင်း (Accessibilities)၊ တည်းခိုနေရာထိုင်ခင်းရှိခြင်း (Accommodation)နှင့် စီမံခန့်ခွဲမှုရှိခြင်း (Administration) စသည့်တို့နှင့် ပြည့်စုံရန် လိုအပ်ပါသည်။ ပြောင်းလဲလာသော ဈေးကွက်အရ ဧည့်သည်များ၏ လိုအပ်မှုကို ဖြည့်ဆည်းပေးမည့် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများဖြစ်ရန် အဓိကကျသောမူဝါဒများမှာ ဆက်သွယ်ရေးဆိုင်ရာမူဝါဒ (Communication Policy)၊ ခရီးစဉ်ရောင်းချရေးမူဝါဒ (Product Policy)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ (Environment Policy)၊ ယှဉ်ပြိုင်နိုင်ရေး စံနှုန်းပြည့်ဝမှုမူဝါဒ (Competitiveness Quality & Efficiency Policy)၊ ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေခြင်းမူဝါဒ (Tourism Marketing Strategy Policy)တို့ ဖြစ်ပါသည်။

ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဈေးကွက်မြှင့်တင်မှုကဏ္ဍ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ ပေါင်းစပ်ပြီး ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ခရီးသွားလုပ်ငန်းဈေးကွက်ရှာဖွေခြင်း၏ အခြေခံမူလေးခုဖြစ်သော ခရီးစဉ်ဒေသ၊ နေရာ၊ ဈေးနှုန်း၊ အရောင်းမြှင့်တင်ခြင်းတို့အပေါ်မူတည်၍ စီမံကိန်းများ ရေးဆွဲကြပါသည်။ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၏ ဈေးကွက်မြှင့်တင်ခြင်းသည် ခရီးသွားများအတွက် ဦးတည်ရာဈေးကွက်၌ ဝန်ဆောင်မှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

**ခရီးစဉ်ဒေသများ ကြော်ငြာ**

ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ခြင်း၏ သမားရိုးကျနည်းလမ်းများမှာ ကြော်ငြာခြင်း၊ တိုက်ရိုက်ဆက်သွယ်ခြင်း၊ ရောင်းချခြင်းတို့ဖြစ်ပြီး နိုင်ငံတကာခရီးသွားပြပွဲများတွင် နိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများအား ဝင်ရောက်ပြသခြင်း၊ အဓိကခရီးသွားဈေးကွက် နိုင်ငံများတွင် မိမိတို့နိုင်ငံ ခရီးစဉ်ဒေသနှင့် ယဉ်ကျေးမှုပြပွဲများ ကျင်းပပြုလုပ်ခြင်း၊ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ မီဒီယာများ၊ ခရီးသွားဆောင်းပါးရေးသားသူများ၊ Travel Blogger များအား ဖိတ်ကြား၍ ချစ်ကြည်ရင်းနှီးမှုခရီးစဉ် (Familiarization Trip) များ ဆောင်ရွက်ခြင်း၊ Social Media များမှတစ်ဆင့် ထိရောက်စွာမြှင့်တင်ကြော်ငြာခြင်း၊ နိုင်ငံတကာလေကြောင်းလိုင်းများ၏ Inflight Magazine များတွင် ခရီးစဉ်ဒေသများအကြောင်း ကြော်ငြာခြင်း အစရှိသည့် အစီအစဉ်တို့ လုပ်ဆောင်ကြပါသည်။

ခရီးသွားလုပ်ငန်းသည် ဌာနတစ်ခု၊ အဖွဲ့အစည်းတစ်ခုတည်းနှင့် ဆောင်ရွက်၍မရဘဲ ဌာနအားလုံးနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များအားလုံး ပေါင်းစပ်ညှိနှိုင်းဆောက်ရွက်ရသောကြောင့် မြန်မာနိုင်ငံအတွင်းသို့ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်နိုင်ရေးအတွက် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်ရေး၊ ရှိပြီးသားခရီးစဉ်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံအတွင်း လွယ်ကူချောမွေ့စွာ လည်ပတ်နိုင်ရေးတို့အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဈေးကွက်ချဲ့ထွင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးမှ သိရှိစေရန်နှင့် နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် နိုင်ငံတကာခရီးသွားပြပွဲများတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ညီနောင်အသင်းများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းပါဝင်ပြသလျက်ရှိပါသည်။ နှစ်စဉ်အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်၊ မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ၊ ဘာလင်အပြည်ပြည်ဆိုင်ရာ ခရီးသွားပြပွဲ၊ ထိုင်းခရီးသွားပြပွဲ၊ ဟိုချီမင်းနိုင်ငံတကာခရီးသွားပြပွဲ၊ ဂျပန်ခရီးသွားပြပွဲ၊ ကမ္ဘာ့ခရီးသွားပြပွဲ၊ တရုတ်နိုင်ငံတကာခရီးသွားပြပွဲ၊ အာဆီယံ-တရုတ် ခရီးသွားပြပွဲ၊ အာဆီယံ-ကိုရီးယား ယဉ်ကျေးမှုနှင့် ခရီးသွားပြပွဲ အစရှိသည့်ပြပွဲများ၌ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို မြှင့်တင်ကြော်ငြာရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ခရီးသွားဆွဲဆောင်မှုများကို မြှင့်တင်**

ယနေ့အချိန်အခါသည် Information Technology ခေတ်ဖြစ်သောကြောင့် သမားရိုးကျ ခရီးသွားမြှင့်တင်ရေးလုပ်ငန်းကနေ အထိရောက်ဆုံးဖြစ်သော၊ နည်းပညာသုံးဈေးကွက်မြှင့်တင်ရေးဖြစ်သော Digital Marketing နည်းဖြင့် ခရီးသွားဆွဲဆောင်မှုများကိုမြှင့်တင်ရန် ဝန်ကြီးဌာန၏ Website www.tourism.gov.mm နှင့် WebPortal www.tourisminmyan mar.com.mm တို့ကို ဘာသာစကား(၁၁)မျိုး (မြန်မာ၊အင်္ဂလိပ်၊ ရုရှား၊ ဂျာမနီ၊ စပိန်၊ အီတလီ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်)တို့ဖြင့် လွှင့်တင်ထားရှိပါသည်။ မြန်မာနိုင်ငံသို့ လာရောက်သော ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအတွက် မြန်မာနိုင်ငံ ခရီးသွားဆွဲဆောင်မှုများ၊ ရိုးရာပွဲတော်များနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အလွယ်တကူရှာဖွေနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိသော ဝန်ကြီးဌာန၏ Information Counter များမှာ Digital Signage များ ထားရှိခြင်း၊ QR Code စနစ်ထားရှိခြင်း၊ Mobile Application များကို ရေးဆွဲခြင်း၊ Social Media Platforms များဖြစ်သော Facebook, Twitter, Instagram စသည်တို့ဖြင့် လွှင့်တင်ကြော်ငြာခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။



(၂၅) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းမှ မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများအား ပြသခဲ့စဉ်။

- မော်စကို နိုင်ငံတကာခရီးသွားပြပွဲသည် ရုရှားနှင့် အရှေ့ဥရောပတွင်ကျင်းပသော ကမ္ဘာ့ခရီးသွားပြပွဲများအနက် ကမ္ဘာ့နံပါတ် ၅ အဆင့်ရှိ ခရီးသွားပြပွဲ ဖြစ်
- နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းရှင်များသည် မိမိတို့နိုင်ငံ၏ ခရီးစဉ်ဒေသများကို ရုရှားခရီးသွားဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်နှင့် ရုရှားခရီးသွားလုပ်ငန်းနယ်ပယ်အတွက် ခရီးသွားလုပ်ငန်းရှင်များ တွေ့ဆုံနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်

ရုရှားဈေးကွက် ခရီးသွားမြှင့်တင်ရေးအတွက် မြန်မာနိုင်ငံ၏ ထင်ရှားသော ခရီးစဉ်ဒေသများအကြောင်းကို ရုရှားဘာသာဖြင့် ရေးသားထားသော Welcome to the Golden Land လက်ကမ်းစာစောင်များ၊ Mingalabar စာအုပ်တို့ကိုထုတ်ဝေ၍ နိုင်ငံတကာ ခရီးသွားပြပွဲများ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများ၊ ရုရှားနိုင်ငံ၌ ကျင်းပသော ခရီးသွားပြပွဲများ၌ ခင်းကျင်းပြသခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ၁၉၉၄ ခုနှစ်မှ စတင်ကျင်းပခဲ့သော မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသို့ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ခရီးသွားပြခန်းပါဝင်ပြသခဲ့ပြီး ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ Expo Centre တွင် ကျင်းပပြုလုပ်ခဲ့သော (၂၅) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဦးဆောင်၍ အစိုးရ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၅ ဦး ဖြင့် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းကို မြန်မာနိုင်ငံခရီးသွားထုတ်ကုန် ခရီးစဉ်ဒေသများအား ပြသခဲ့ပါသည်။

မော်စကို နိုင်ငံတကာခရီးသွားပြပွဲသည် ရုရှားနှင့် အရှေ့ဥရောပတွင်ကျင်းပသော ကမ္ဘာ့ခရီးသွားပြပွဲများအနက် ကမ္ဘာ့နံပါတ် ၅ အဆင့်ရှိ ခရီးသွားပြပွဲဖြစ်ပါသည်။ နိုင်ငံတကာမှ ခရီးသွားလုပ်ငန်းရှင်များသည် မိမိတို့နိုင်ငံ၏ ခရီးစဉ်ဒေသများကို ရုရှားခရီးသွားဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန်နှင့် ရုရှားခရီးသွားလုပ်ငန်းနယ်ပယ်အတွက် ခရီးသွားလုပ်ငန်းရှင်များ တွေ့ဆုံနိုင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ပါသည်။ (၂၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းရှိ Top Tourist Destination နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၈၂ နိုင်ငံရှိ ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ၊ ၇၀ ကျော်ခန့်မှ ပြခန်းပြသူပေါင်း ၂၀၀၀ ကျော်ခန့် ပါဝင်ပြသခဲ့ပြီး ပြပွဲလာရောက်ကြည့်ရှုသူ စုစုပေါင်း ၂၃၀၀၀ တို့အား ခရီးသွားလုပ်ငန်းထုတ်ကုန်နှင့် ဝန်ဆောင်မှုတို့အား မြှင့်တင်ကြော်ငြာ၍ ရောင်းချခဲ့ကြပါသည်။

**မီဒီယာများမှတစ်ဆင့် ခရီးသွားများအားဆွဲဆောင်**

မော်စကိုနိုင်ငံတကာ ခရီးသွားပြပွဲကာလအတွင်း ပြခန်းများ ခင်းကျင်းပြသရာတွင် အမျိုးသားအဆင့်နှင့် ဒေသအဆင့် ခရီးသွားလုပ်ငန်းဘုတ်အဖွဲ့များ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ဟိုတယ်နှင့် တည်းခိုနေထိုင်ရေး၊ Online booking စနစ်၊ လေကြောင်းလိုင်းများနှင့် Medical Tourism ပြခန်းများအား ကမ္ဘာ့ဒေသများ၊ နိုင်ငံများအလိုက် နေရာခွဲ၍ပြသခြင်း၊ပြခန်းများတွင် ခရီးသွားများအား ဆွဲဆောင်ရာနေရာများ၊ ခရီးသွားအာမခံလုပ်ငန်းများ၊ ယာဉ်ငှားရမ်းမှု၊ ခရီးသွားလုပ်ငန်းပညာရေး၊ ပစ္စည်းဝယ်ယူမှု၊ ပြည်ပနိုင်ငံများတွင် အိမ်ခြံမြေငှားရမ်းမှုနှင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှုဆိုင်ရာ အချက်အလက်များကိုလည်း ပြသထားပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

ပြပွဲကျင်းပသည့် ကာလအတွင်း ဆွေးနွေးပွဲများ၌ ခရီးသွားလုပ်ငန်းဈေးကွက်ဆိုင်ရာ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီဌာနချင်း ဆက်သွယ်ရေးနှင့် ခရီးသွားများနှင့် ချိတ်ဆက်ဝန်ဆောင်မှုပေးရေးဆိုင်ရာ ကိစ္စများ၊ မီဒီယာများမှတစ်ဆင့် ခရီးသွားများအား ချိတ်ဆက်ဆွဲဆောင်ခြင်း၊ ခရီးသွားလုပ်ငန်း သတင်းအချက်အလက်များ စုဆောင်းဖြန့်ဝေနိုင်မှု၊ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးအခြေအနေ၊ ငွေကြေးခိုင်မာမှု ရှိ/မရှိ သွားလာနေထိုင်စားသောက်ရေး လွယ်ကူချောမွေ့မှု ရှိ/မရှိ စသည့်အချက်များက ခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြပွဲတက်ရောက်သူ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြပါသည်။

ဗီဇာကန့်သတ်ချက် လျှော့ပေါ့ပေးနိုင်မှုနှင့် ကင်းလွတ်ခွင့်ပြုနိုင်မှုတို့၏ အရေးပါပုံ၊ ရုရှားခရီးသွားများ သွားရောက်လေ့ရှိသည့် ကမ္ဘာပေါ်ရှိ ခရီးသွားနေရာများ၊ လုပ်ငန်းဈေးကွက်များ အခြေအနေ၊ ခရီးသွားများ၏ ငွေကြေးသုံးစွဲမှုအနေအထား၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရာတွင် ခရီးစဉ်၊ သွားရောက်မည့်နေရာ၊ လူလတ်တန်းစားများ ခရီးသွားလာမှုအပေါ် စိတ်ဝင်စားမှု၊ ရာသီဥတု၊ ယဉ်ကျေးမှု၊ အစားအသောက်များအရေးပါပုံ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် နေရာထိုင်ခင်း၊ အစားအသောက်၊ အမှတ်တရပစ္စည်းများ ရောင်းချမှု စသည့်ကဏ္ဍများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းများ ပြုလုပ်ကြပါသည်။

ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းပါဝင်ပြသရာ၌ ခရီးသွားဆွဲဆောင်မှုများဖြစ်သော ထင်ရှားသည့် ခရီးစဉ်ဒေသများဖြစ်သော ရွှေတိဂုံဘုရား၊ မန္တလေးနန်းတော်နှင့် ကျုံးအလှ၊ မြိတ်ကျွန်းစု၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ခရီးစဉ်ဒေသ၊ ငါးရန်ဂျီကျွန်း၊ မြန်မာ့ရိုးရာအတာသင်္ကြန် ဆင်နွှဲနေကြသည့်ရုပ်ပုံများဖြင့် ပုံဖော်ပြသခြင်း မြန်မာ့အနုပညာလက်ရာများ ဖြစ်ကြသော ရုပ်သေးရုပ်များ၊ ပန်းချီကားများပြသခြင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း Brand ဖြစ်သော Myanmar: Let the Journey Begin ကို ကြော်ငြာခြင်း၊ ဝန်ကြီးဌာနမှ ထုတ်ဝေသော မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဆိုင်ရာ အချက်အလက်များအား ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ထုတ်ဝေထားသောစာအုပ်စာစောင်များနှင့် မြန်မာနိုင်ငံ ခရီးစဉ်ဒေသများကို ရိုက်ကူးထားသော ဗီဒီယိုခွေများ ခင်းကျင်းပြသခြင်း၊ ပြခန်းသို့လာရောက်သော ရုရှားနိုင်ငံနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် စိတ်ပါဝင်စားသူများအား ခရီးစဉ်များအတွက် ဗီဇာကိစ္စများ၊ ခရီးသွားဆွဲဆောင်မှုများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများ အကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခြင်း၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း ကုမ္ပဏီများမှလည်း ခရီးစဉ်ဒေသများ မြှင့်တင်ကြော်ငြာခြင်း၊ ရောင်းချခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံကိုယ်စားပြုပြခန်းတွင် ရုရှားနိုင်ငံအခြေစိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းမီဒီယာများ၊ ခရီးသွားမဂ္ဂဇင်းကုမ္ပဏီများမှ ကိုယ်စားလှယ်များက လာရောက်တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ထိုသို့ ဆွေးနွေးမှုအရ မြန်မာနိုင်ငံသို့ ရုရှားခရီးသွားရောက်ရှိမှုအရေအတွက် နည်းပါးရခြင်းအကြောင်းရင်းများတွင် ရုရှားနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံအကြောင်းသိရှိရန် သတင်းအချက်အလက်များ ဖြန့်ဝေရန်လိုအပ်မှု၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် ခရီးစဉ်ဒေသများအကြောင်းနှင့် အတွေ့အကြုံများကို ရုရှားဘာသာဖြင့် ကြော်ငြာပေးမည့် ခရီးသွားလုပ်ငန်းရှင်များ၊ သတင်းမီဒီယာများကို ချစ်ကြည်ရင်းနှီးမှုခရီးစဉ်များ ဖိတ်ခေါ်ခြင်း၊ ရုရှားနိုင်ငံတွင် ပြန်လည်မျှဝေခြင်းဖြင့် ခရီးသွားရန်ဆွဲဆောင်နိုင်မှု၊ ရုရှားနိုင်ငံသားများသည် ပင်လယ်ကမ်းခြေ ခရီးစဉ်ဒေသများနှင့် စွန့်စားခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရန် စိတ်ဝင်စားမှုကို သိရှိရသည်။

ရုရှားနိုင်ငံသားများ ပြည်ပနိုင်ငံများသို့ ခရီးစဉ်များ သွားရောက်လည်ပတ်မှုနှင့် ပတ်သက်၍ အာရှနိုင်ငံများတွင် ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ အများဆုံး သွားရောက်လည်ပတ်ကြသည်ကို တွေ့ရှိရပါသည်။ အဆိုပါနိုင်ငံများ၏ ရုရှားခရီးသွားဈေးကွက်မြှင့်တင်ရေးတွင် ရုရှားနိုင်ငံရှိ ခရီးသွားလာရေးလုပ်ငန်းများနှင့်ပူးပေါင်း၍ ယဉ်ကျေးမှုခရီးသွားလာရေးနှင့် ကုန်သွယ်ရေးပြပွဲများကို မော်စကိုမြို့တွင် ကျင်းပခဲ့ရာ ရုရှားခရီးသွားဧည့်သည်များ ဝင်ရောက်လာသောကြောင့် ခရီးသွားလုပ်ငန်းအတွက် အထောက်အကူဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည် ပိုမိုလာရောက်ရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံမြို့ကြီးများသို့ Road Show များကျင်းပခြင်း၊ ခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း စသည့်ရုရှားဈေးကွက် ခရီးသွားမြှင့်တင်ရေးအစီအစဉ်များ ဆောင်ရွက်သင့်ကြောင်း သိရှိရပါသည်။

ထို့ပြင် မြန်မာ့သဘာဝအလှအပများကို ရုရှားခရီးသွားများအတွက် ဖော်ထုတ်ရှင်းလင်းပြသနိုင်မည့် ရုရှားဘာသာဧည့်လမ်းညွှန်များ လိုအပ်ချက်ဖြည့်ဆည်းရန်၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံရှိခရီးသွားလာရေးဝန်ကြီးဌာနများအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ စီစဉ်ပေးရန်၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား တိုက်ရိုက်ချိတ်ဆက်ထားသည့် ဘဏ်များထားရှိရန်၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများကို ရုရှားခရီးသွားများ ပိုမိုသိရှိရန်အတွက် ခရီးသွားမြှင့်တင်ရေးဗီဒီယိုများကို ပိုမိုရိုက်ကူးရန်နှင့် ရုရှားနိုင်ငံရှိ လူသိများသော သတင်းဌာနများမှတစ်ဆင့် လွှင့်တင်ရန်တို့ ဆောင်ရွက်သင့်ကြောင်းကိုလည်း သိရှိခဲ့ရပါသည်။

### ရုရှားခရီးသွားများကို ဆွဲဆောင်

နိုင်ငံတကာမှ လာရောက်ခင်းကျင်းပြသကြသည့် ပြခန်းအများစုမှာ ကိုယ်စားပြုနိုင်ငံများ၏ Brand ၊ Highlights ဖြစ်သည့် ခရီးစဉ်ဒေသများကို ရုရှားဘာသာဖြင့် လွှင့်တင်ကြပြီး ခရီးသွားမြှင့်တင်ရေး လက်ကမ်းစာစောင်များ၊ ကြော်ငြာများကိုလည်း ရုရှားဘာသာဖြင့် ကြော်ငြာလျက်ရှိသဖြင့် မြန်မာနိုင်ငံကလည်း ခရီးသွားအချက်အလက်များအား ရုရှားဘာသာဖြင့် ထုတ်ဝေနိုင်ရေးစီစဉ်ခြင်း၊ ပြခန်း၌ နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဝတ်စားဆင်ယင်မှု၊ ရိုးရာအစားအသောက်များ ပြုလုပ်ပုံတို့ကို ပြသခြင်း၊ ရုရှားဘာသာစကားဖြင့် ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ရုရှားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

### အကျိုးကျေးဇူးများရရှိ

(၂၅)ကြိမ်မြောက် မော်စကိုနိုင်ငံတကာ ခရီးသွားပြပွဲ (Moscow International Travel & Tourism Exhibition)သို့ ပါဝင်တက်ရောက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအခြေအနေများကို ရှင်းပြနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် online နှင့် offline media များကို အသုံးပြုဆောင်ရွက်နိုင်ရေး၊နိုင်ငံတကာခရီးသွားမြှင့်တင်ရေးစာစောင်၊ သတင်းစာ၊ မဂ္ဂဇင်းများတွင် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်များကို ထည့်သွင်းကြော်ငြာနိုင်ခြင်း၊ နိုင်ငံတကာခရီးသွားလုပ်ငန်းမီဒီယာများနှင့် တိုက်ရိုက်တွေ့ဆုံခွင့်ရခြင်း၊ မြန်မာနိုင်ငံ ခရီးစဉ်ဒေသများနှင့် ပတ်သက်သော သတင်းအချက်အလက်များနှင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ ဗီဒီယိုများကို ပြသနိုင်ခဲ့ခြင်း၊ ရှင်းလင်းနိုင်ခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပိုမိုသိရှိစေနိုင်ခြင်း၊ ရုရှားနိုင်ငံနှင့် ဥရောပနိုင်ငံများ၏ ခရီးသွားလုပ်ငန်း ဈေးကွက်လိုအပ်ချက်များကို သိရှိခွင့်ရခြင်း၊ မြန်မာနိုင်ငံအနေဖြင့် အာရှဥရောပဈေးကွက်နှင့် ရုရှားဈေးကွက်မြှင့်တင်ရေးအတွက် အခွင့်အလမ်းများရရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိပါသည်။




မော်စကို နိုင်ငံတကာခရီးသွားပြပွဲတွင် နိုင်ငံအသီးသီးမှ ခရီးသွားပြခန်းများ ပါဝင်ပြသစဉ်။

၂၀၂၁ ခုနှစ် စက်တင်ဘာလခန့်မှစတင်၍ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ပွားမှုများကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီးဖြစ်သည့်အတွက် ကမ္ဘာ့ခရီးစဉ်ဒေသအချို့မှ ခရီးသွားလုပ်ငန်းများနှင့် လေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာစေရေး လုပ်ငန်းများဖြစ်သည့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ခြင်း Online & Offline ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ခြင်း၊ Online ခရီးသွားပြပွဲများ ပြုလုပ်ခြင်းမှ In Person တက်ရောက်နိုင်မည့် ခရီးသွားပြပွဲများ ကျင်းပခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဆွဲဆောင်မှုခရီးစဉ်အသစ် ဖော်ထုတ်ရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှစတင်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါပြန့်ပွားမှု လျော့နည်းလာပြီး ပြည်တွင်းခရီးသွားလုပ်ငန်းများ စတင်ခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ ရောက်ရှိမှုတိုးမြှင့်နိုင်စေရေးအတွက်၁၇-၄-၂၀၂၂ ရက်နေ့မှစ၍ နိုင်ငံတကာလေကြောင်းလိုင်းများအား ကျန်းမာရေးဆိုင်ရာစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ခွင့်ပြုခဲ့ပါသည်။ ရုရှားနိုင်ငံမှ ခရီးသွားများ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်စေရေး ရည်မှန်းပြီး ရုရှားနိုင်ငံသား သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအတွက် စီးပွားရေးနှင့် ကမ္ဘာလှည့်ခရီးသည် ဗီဇာရက် ၃၀ ကင်းလွတ်ခွင့်အား ၁-၇-၂၀၂၂ ရက်နေ့မှ ၃၀-၆-၂၀၂၃ ရက်နေ့အထိ စမ်းသပ်ကာလတစ်နှစ်ဖြင့် ခွင့်ပြုခဲ့ပါသည်။ ရုရှားနိုင်ငံသည် မြန်မာနိုင်ငံ၏ အဓိကဦးတည်ဈေးကွက်နိုင်ငံများဖြစ်လာရန် အလားအလာကောင်းများရှိသည့် နိုင်ငံဖြစ်ခြင်း၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ရုရှားခရီးသွားဧည့်သည်အရေအတွက် နည်းပါးနေသေးသောကြောင့် ဗီဇာဖြေလျှော့မှု၊ နှစ်နိုင်ငံလေကြောင်းလိုင်းများ တိုက်ရိုက်ပျံသန်းမှုနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့သည် အလွန်အရေးပါလှပါသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ-ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရုရှားခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံသို့ ပိုမိုလာရောက်စေရေးအတွက် မြန်မာ-ရုရှား သံတမန်ဆက်သွယ်ထူထောင်မှုသည် စိန်ရတုကာလရောက်ရှိချိန်တွင် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန်၊ ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်ရေး အစီအစဉ်များ ဆောင်ရွက်ရမည့် အချိန်အခါဖြစ်ပါသည်။

၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် စတင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လ၌ ကျင်းပသော မော်စကိုနိုင်ငံတကာခရီးသွားပြပွဲကို ကျင်းပနိုင်ခြင်းမရှိဘဲ ရပ်နားခဲ့ပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလ ၂၀၂၂ ခုနှစ် မတ်လတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သော (၂၈) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲတွင် နိုင်ငံပေါင်း ၄၄ နိုင်ငံနှင့် ရုရှားနိုင်ငံရှိ ဒေသ ၇၉ ခုတို့မှ ပါဝင်ပြသသူ ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၅၄၁ ခုနှင့် ပါဝင်တက်ရောက်သူ ၉၁၉၇ ဦးတို့ ရှိခဲ့ပါသည်။ ပြပွဲကာလတွင် စီးပွားရေးနှင့်စပ်လျဉ်းသည့် Event ၁၄ ခု ကျင်းပပြုလုပ်ခဲ့ရာ ကျွမ်းကျင်ပညာရှင် ၂၇၉၀ နှင့် Speaker ၁၃၇ ဦး ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ခရီးစဉ်ဝယ်ယူသူအသစ်များ ရှာဖွေနိုင်ခဲ့သည့် ပြပွဲတစ်ခုလည်းဖြစ်ခဲ့ပါသည်။

### မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသမည်

မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ခရီးသွားလုပ်ငန်းအရင်းအမြစ်များနှင့် မြန်မာ-ရုရှား နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး အလားအလာကောင်းများကို အခြေခံ၍ ရုရှားဈေးကွက်တွင် မြန်မာနိုင်ငံ ခရီးသွားထုတ်ကုန်များကို မြှင့်တင်ကြော်ငြာရောင်းချနိုင်ရန် ရည်ရွယ်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Crocus Expo Centre ၌ ၂၀၂၃ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများနှင့် ကိုယ်စားလှယ်များ ပါဝင်၍ မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ပါဝင်ပြသမည်ဖြစ်ပါသည်။

(၂၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသည် ရုရှားဒေသတွင်း ခရီးသွားဈေးကွက်သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှ ခရီးသွားကုမ္ပဏီများအတွက် မိမိတို့နိုင်ငံ၏ ခရီးသွားထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအား ပြသနိုင်မည့် နိုင်ငံတကာခရီးသွားပြပွဲတစ်ခုဖြစ်ပြီး ခရီးသွားပြပွဲသို့ တက်ရောက်လာသူများအား မိမိတို့နိုင်ငံ၏ ခရီးစဉ်ဒေသများ၊ ဆွဲဆောင်မှုများ၊ ရိုးရာယဉ်ကျေးမှု၊ စိတ်ဝင်စားဖွယ်ခရီးစဉ်များနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ခြင်း၊ ခရီးစဉ်ဝယ်ယူသူအသစ်များ ရှာဖွေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် (၂၉) ကြိမ်မြောက် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်း ပါဝင်ပြသခြင်းဖြင့် ရုရှားဈေးကွက်တွင် မြန်မာနိုင်ငံ ခရီးသွားမြှင့်တင်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားရင်း မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေးထူထောင်သည့် (၇၅) နှစ်မြောက် စိန်ရတုနေ့ထူးနေ့မြတ်ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် လဟယ်မြို့တွင် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိသုံးစွဲနိုင်ရေး မြေပြင်ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အတွင်းရေးမှူးနှင့်အတူ ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိသုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လဟယ်မြို့ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာ ဟွေထိုက်ချောင်းပေါ်ရှိ ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**





ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား စီမံကိန်းယာယီရှင်းလင်းဆောင်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်နှင့် တာဝန်ရှိသူများက ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်း စူးစမ်းတိုင်းတာထားမှု၊ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဒီဇိုင်းတွက်ချက်လျက်ရှိသည့် စီမံကိန်း စနစ်ပုံစံနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စက်၊ ယာဉ်ယန္တရားများနှင့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ စီမံကိန်းလုပ်ငန်းခွင်သို့ သယ်ယူပို့ဆောင်ရမည့်အခြေအနေ၊ စီမံကိန်းချဉ်းကပ်လမ်း ဖောက်လုပ်ထားရှိမှု၊ စီမံကိန်း အခြေစိုက်စခန်း တည်ဆောက်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ထားရမည့် အခြေအနေ၊ စီမံကိန်းကုန်ကျစရိတ် အနည်းဆုံးဖြစ်စေရေး အတွက် ရေအားအဆောက်အအုံများ ရွေးချယ်တည်ဆောက်မှုကို အသင့်လျော်ဆုံးဖြစ်အောင် နည်းလမ်းအမျိုးမျိုးဖြင့် စိစစ်ပြီး ဝန်ကြီးဌာနနည်းပညာဆိုင်ရာကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်သွားရန်တို့နှင့် ပတ်သက်၍ မှာကြားခဲ့ပြီး ပင်မတမံတည်ဆောက်မည့်မြေနေရာ၊ ရေထိန်းကန်တည်ဆောက်မည့်နေရာနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟွေထိုက်ချောင်းပေါ်တွင် အမြင့် ၈၂ ပေခန့်ရှိသည့် ကွန်ကရစ်ရေလွှဲဆည်၊ အလျား ၁၇၈၃ ပေခန့်ရှိသည့် ရေသွယ်မြောင်း၊ ရေထိန်းကန်၊ ဖိအားမြင့်ပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံ စသည့်ရေအား အဆောက်အအုံများ ပါဝင်သည့် တိုက်ရိုက်ရေသွယ်စနစ်ပုံစံ (Run-of-River Type) ဖြင့် တည်ဆောက်ပြီး စက်တပ်ဆင်အင်အား လေးမဂ္ဂါဝပ်ဖြင့် နှစ်စဉ်ပျမ်းမျှဓာတ်အား ၂၀ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ကျလွေအသေးစားရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားကာ ဓာတ်အားပေးစက်များ ကောင်းမွန်စွာဓာတ်အားထုတ်လုပ်ပေးနေမှု၊ ရေသွယ်ပိုက်လိုင်း၊ ရေထိန်းကန်၊ ရေသွယ်မြောင်းနှင့် ရေလွှဲဆည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျလွေ အသေးစားရေအားလျှပ်စစ်စက်ရုံသည် ၁၅၀ ကီလိုဝပ် ဓာတ်အားပေးစက် နှစ်လုံးဖြင့် ဓာတ်အားထုတ်လုပ်၍ လဟယ်မြို့ရှိ ဆေးရုံ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများနှင့် မြို့ပေါ်ရပ်ကွက်လေးရပ်ကွက်ကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ အမှတ်(၉၄၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်၏ သိမ်မြေနေရာပြုပြင်ခြင်း၊ မြေညှိခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းတိုက်သို့ သွားရောက်ပြီး လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ယနေ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ခန္တီးမြို့တစ်ဖက်ကမ်း ဆင်သေရပ်ကွက်အနီး ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက ဆောင်ရွက်မည့် ဟွေထိုက် အသေးစားရေအားလျှပ်စစ်စီမံကိန်းနှင့် ခန္တီးမြို့အနီး ဆောင်ရွက်မည့် အသေးစား ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်ရာတွင် အသုံးပြုမည့် အခြေစိုက်စခန်းမြေနေရာ ရွေးချယ်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာလေဆိပ်၌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တွေ့ဆုံ၍ အခြေစိုက်စခန်းမြေနေရာ ရရှိရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံး အဓိကပစ္စည်းများ သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များတွင် သယ်ယူစရိတ် သက်သာစေရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များ နေပြည်တော်တွင် လေ့လာရေးခရီးစဉ် စတင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**




မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု သံတမန်များ လေ့လာရေးခရီးစဉ်အတွက် ယနေ့နံနက်တွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ အဆိုပါခရီးစဉ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနရှိ မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)ရုံးက စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်။

အဆိုပါလေ့လာရေးခရီးစဉ်၏ အစီအစဉ်တစ်ခုအဖြစ် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)ရုံး၌ “Presentation on MLC Special Fund Projects in Myanmar” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ ကျင်းပသည်။

ဆွေးနွေးပွဲ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု သံတမန်များ လေ့လာရေးခရီးစဉ်သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၌ မြန်မာနိုင်ငံ၏ ကြိုးပမ်း အားထုတ်မှုများကို မြင်သာစေရုံသာမက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ယန္တရား ပိုမိုခိုင်မာစေရေးအတွက် သတင်းအချက်အလက်များ၊ အလေ့အကျင့်ကောင်းများ၊ သဘောထားအမြင်များနှင့် စိတ်ကူးအကြံဉာဏ်များကို ချစ်ခင်ရင်းနှီးစွာ ဖလှယ်နိုင်မည့် အခွင့်အရေးတစ်ရပ်ကို ဖော်ဆောင်ပေးခြင်းလည်း ဖြစ်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု၊ စိတ်ချယုံကြည်ရမှု စသည့်စံနှုန်းများကို အခြေခံသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်သည် မဲခေါင်-လန်ချန်းဒေသရှိ ပြည်သူများအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးရလဒ်များကို အောင်မြင်စွာ ဖော်ဆောင်ပေးလျက်ရှိသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကသော့ချက်ပင်ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ထို့ပြင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံကို စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၄ သန်းတန်ဖိုးရှိ အထူးရန်ပုံငွေ စီမံကိန်း ၉၂ ခုကို ပေးအပ်ခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကျေးဇူးတင်ရှိပါကြောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)ကို ကူညီထောက်ပံ့ပေးနေမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် တရုတ်နိုင်ငံသံရုံးကိုလည်းကောင်း၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ကူညီပေးမှုအတွက် မဲခေါင်နိုင်ငံများကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ထည့်သွင်းပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မဲခေါင်-လန်ချန်း ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)၏ ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇေယျာထွန်းက မြန်မာနိုင်ငံ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှု၊ ပြီးစီးမှုနှင့် အကျိုးရလဒ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့က စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ဝန်ကြီးဌာနများ၏ ရှင်းလင်းဆွေးနွေးမှု အပြီးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန်များက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၌ ရှေ့ဆက်ဆောင်ရွက်မည့် လမ်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံ သံရုံးများမှ ကိုယ်စားလှယ်အဖွဲ့များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများအနက် တစ်ခုဖြစ်သော စိုက်ပျိုးရေးဆိုင်ရာ စာရင်းအင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြသည်။

**အစာရေစာများ ကျွေးမွေး**

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့ပြင် စေတီတော်အနီးရှိ ရဋ္ဌနန္ဒက ဆင်ဖြူတော်လေးအပါအဝင် ဆင်ဖြူတော်များရှိရာသို့ သွားရောက်ကြည့်ရှုကြပြီး အစာရေစာများ ကျွေးမွေးကြသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံတမန် ကိုယ်စားလှယ် အဖွဲ့များကို M-Gallery ဟိုတယ်၌ ကြိုဆိုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ကဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပဲခူး ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၆ ရက်က ကဝမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့သည် အလယ်ကျေးရွာအနီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၈ ဒသမ ၅ သန်းဖြင့် ရိုးပိတ်မြေသားတမံသုံးခုပြုလုပ်၍ နွေစပါး ဧက ၁၅၀ တိုးချဲ့စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သွင်းအားစုများ အချိန်မီရရှိရေး တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် အုန်းနဲ့စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများအား ထောက်ပံ့ငွေများပေးအပ်ခဲ့ကာ အဆိုပါကျောင်းဝန်းအတွင်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကဝမြို့နယ် ဖွဲဘာကျေးရွာရှိ ဦးခင်ဦး၏ ပဲတီစိမ်း ဧက ၂၀ ခူးဆွတ်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး တစ်ကွင်းတစ်ဆက်တည်း နွေစပါးစိုက်ပျိုးနိုင်ရေး ရေရရှိနိုင်မည့် နည်းလမ်းများအား တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။ ဆက်လက်၍ ကဝမြို့ (၁)ရပ်ကွက်အတွင်း ဆိုလာရေတင်စနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆားငန်ခံနွေစပါး ဧက ၁၅၀ စိုက်ပျိုးထားရှိမှုနှင့် ထုံးကြီးကျေးရွာ တစ်ကွင်းတစ်ဆက်တည်း နွေစပါး ၁၈၇ ဧက စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ပေါင်းသတ်ဆေးများ၊ မှိုသတ်ဆေးများ၊ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကဝ-ရှမ်းကန်-သပြုလမ်း အကျယ် ၁၈ ပေ၊ အရှည် ငါးဖာလုံ ကွန်ကရစ်လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကဝမြို့နယ် သပြုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး



ဒေသထွက် သံနှင့် ဒန်သတ္တု အရည်ကျိုလုပ်ငန်း နည်းပညာဖွံ့ဖြိုးရေးသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသထွက် သံနှင့် ဒန်သတ္တုအရည်ကျိုလုပ်ငန်းရှင်များအတွက် ကုန်ကြမ်းပစ္စည်းရရှိရေး၊ လုပ်ငန်းသုံးမီတာရရှိရေးနှင့် ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပင်းပတ်သံမဏိစက်ရုံမှ ဒုတိယစက်ရုံမှူး ဦးစိုင်းကျော်ကျော်အောင် ဦးစီးသည့် သင်တန်းနည်းပြများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အာမခံလုပ်ငန်းအပါအဝင် အာမခံကုမ္ပဏီ ၂၇ ခုမှ အာမခံဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အစည်းအဝေး (၁/၂၀၂၃)ကို ယမန်နေ့က နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကား ပြောကြားပြီး**(အပေါ်ယာပုံ)** အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ယခင် အစည်းအဝေး (၂/၂၀၂၂) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အသက်အာမခံအမျိုးအစားသစ် ဆောင်ရွက်ခွင့်ပြုရေး၊ ကျန်းမာရေးအာမခံ အမျိုးအစားသစ် ဆောင်ရွက်ခွင့်ပြုရေး၊ Construction All Risk (CAR) နှင့် Erection All Risk (EAR) တို့၏ Policy Wording သုံးစွဲခွင့်ပြုရေး၊ နိုင်ငံခြား အာမခံကိုယ်စားလှယ်ရုံး မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခွင့်ပြုရေး၊ ကော်ပိုရိတ် အသက်အာမခံ ကိုယ်စားလှယ် သုံးခု လိုင်စင်သက်တမ်းတိုးရေး၊ အာမခံကိုယ်စားလှယ် နှစ်ဦး၏ အာမခံကိုယ်စားလှယ် လုပ်ကိုင်ခွင့် လိုင်စင်သက်တမ်းတိုး လျှောက်ထားလာခြင်း၊ မြန်မာ့အာမခံ သင်တန်းကျောင်း (မန္တလေးကျောင်းခွဲ) တည်ထောင်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့် မှတ်တမ်းတင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံ၏ အာမခံဈေးကွက်တွင် ရာနှုန်းပြည့် နိုင်ငံခြားသားပိုင် အသက်အာမခံကုမ္ပဏီ ငါးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင် အသက်အာမခံကုမ္ပဏီ ကိုးခု၊ ဖက်စပ်အထွေထွေအာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင် အထွေထွေအာမခံကုမ္ပဏီ ခြောက်ခုနှင့် မြန်မာ့အာမခံလုပ်ငန်း အပါအဝင် အာမခံကုမ္ပဏီ ၂၇ ခုမှ အာမခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ အာမခံအမျိုးအစား ၄၀ ကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့အနေဖြင့် အာမခံကုမ္ပဏီများက အဆိုပြုတင်ပြလာကြသော အသက်အာမခံနှင့် အထွေထွေအာမခံ အမျိုးအစားသစ်များကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၁၅/၂၀၂၃) ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၃) ဖြင့် လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက်အမှတ် (၂/၂၀၂၃)၊ (၃/၂၀၂၃) တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံ ပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင်ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အတွင်း အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ဖေဖော်ဝါရီ ၂၀ ရက်မှ မတ်လ ၃၁ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက အသိပေးကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်(၂)ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း (လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ် (၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# PDF အမည်ခံအကြမ်းဖက်သမားများ အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား သွားရောက်ကြည့်ရှုအားပေး၊ ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်


အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများ ဖြစ်စဉ်မှဒဏ်ရာရရှိခဲ့သည့် ကျောင်းသူတစ်ဦးကို ကြည့်ရှုအားပေးစကား ပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အရာတော်) ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခန်းဆုံးစာမေးပွဲဖြေဆိုပြီး ပြန်လာသည့် ကျောင်းသား ကျောင်းသူများ စီးနင်းလိုက်ပါလာသော မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ရက်စက်စွာ မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ ကျောင်းသား ကျောင်းသူ ၁၀ ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ပြီး ကျောင်းသူ ၁ ဦး သေဆုံးခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်မှ ဒဏ်ရာရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ၄၂ သိန်း၊ တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့သည့်ငွေကျပ် ၁၇ သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးမှ ထောက်ပံ့သည့် ငွေကျပ် ၁၇ သိန်း စုစုပေါင်း ထောက်ပံ့ငွေကျပ် ၇၆ သိန်းနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စာမေးပွဲဖြေဆိုကြမည့် တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား နယ်မြေခံတပ် တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ နေပြည်တော်ကောင်စီနယ်မြေ သပြေကုန်းရှိ Charging Station ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ချိန် အချိန်မီပြီးစီးရေး အလေးဂရုပြုဆောင်ရွက်ရန် မှာကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် လုပ်ငန်းကော်မတီ အဖွဲ့ဝင်၊ ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်း လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/အသုံးပြုရေးအတွက် ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် NPK Motors Co.,Ltdမှ တည်ဆောက်လျက်ရှိသည့် နေပြည်တော် သပြေကုန်းရှိ Charging Station တည်ဆောက်လျက် ရှိသည့် လုပ်ငန်းခွင်သို့ ရောက်ရှိရာ NPK Motors Co.,Ltd၏ တာဝန်ရှိသူက



လုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး Charging Station တည်ဆောက်ခြင်းနှင့် လျှပ်စစ်သုံးတက္ကစီယာဉ် BYD အား လျှပ်စစ်အားသွင်းခြင်း၊ စမ်းသပ်မောင်းနှင်ခြင်း လုပ်ငန်းဆောင်ရွက်ပုံ သရုပ်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Charging Stand များ တပ်ဆင်ရန် နေရာချထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လျှပ်စစ်ကားများ အသုံးပြုလာချိန်တွင် ပြည်သူများအနေဖြင့် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် ပြည်သူများအသုံးပြုမှုများပြားသော ဈေးဝယ်စင်တာများ၊ ဘတ်စ်ကားဂိတ်များနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းနေရာများတွင် လွယ်လင့်တကူအားသွင်းနိုင်ရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိသည့် အပြင် လျှပ်စစ်ယာဉ်များနှင့် ပတ်သက်သည့် ဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များကို လုပ်ငန်းတာဝန်များ သတ်မှတ်၍ ဆောင်ရွက်လျက် ရှိပါကြောင်း၊ သို့ဖြစ်၍ Charging Station များ တည်ဆောက်ရာတွင်လည်း လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေး၊ သတ်မှတ်ချိန် အချိန်မီပြီးစီးရေးတို့ကို အလေးဂရုပြု ဆောင်ရွက်ရန် မှာကြားသည်။

ပြည်သူများ အသုံးပြုရာတွင် အဆင်ပြေ ချောမွေ့စေရေးအတွက် လျှပ်စစ်သုံးယာဉ်များအတွက် Charging Stationများကို နေပြည်တော်ကောင်စီ နယ်မြေအတွင်း၌ သုခတော်ဝင်အိမ်ရာရှေ့၊ မြို့မဈေး၊ သပြေကုန်းဈေး၊ စည်ပင်ဧည့်ရိပ်သာ၊ ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နား စခန်းစသည့် တည်နေရာများတွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဘူတာကြီး၊ အဝေးပြေးကားဝင်းများ၊ သီရိမင်္ဂလာဈေး၊ သခင်မြပန်းခြံ၊ မန္တလေးမြို့တွင် မြို့ပတ်လမ်း၊ သိပ္ပံလမ်းမ၊ ကျုံးပတ်လမ်း၊ အဝေးပြေးကားဝင်းများ စသည့်နေရာများတွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းတစ်လျှောက် မိုင်တိုင် (၁/၀)တိုးလ်ဂိတ်၊ မိုင်တိုင် (၁၁၅/၀) ဖြူး ယာဉ်ရပ်နားစခန်း၊ မိုင်တိုင် (၂၀၁/၀) နေပြည်တော် ယာဉ်ရပ်နားစခန်း၊ မိုင်တိုင် (၂၈၄/၀) သီးကုန်း ယာဉ်ရပ်နားစခန်း၊ မိုင်တိုင် (၃၅၂/၀) စကားအင်း ယာဉ်ရပ်နားစခန်း စသည့်နေရာတို့တွင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ဆောင်ရွက်၍ အောင်မြင်ပါက စီးပွားဖြစ်မွေးမြူ ထုတ်လုပ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့မှ ရေမိုင် (၂၂) မိုင်ဝေးသော တွံတေးငါးလုပ်ငန်းစခန်းကို ငါးမြင်းငါး စုဆောင်းရေးစင်တာအဖြစ်ထားရှိကာ ကျန်းမာသန်စွမ်းသော ငါးသားပေါက်များကို စုဆောင်း၍ ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ၌ အုတ်ကန်နှင့် မြေကြီးကန်တို့တွင် မွေးမြူပြုစုခဲ့ရာ ကနဦးသုတေသနအဖြစ် နှစ်နှစ် မွေးမြူခဲ့စဉ် ၆၀ ရာခိုင်နှုန်း ရှင်သန်အောင်မြင်ခဲ့ကြောင်း သိရသည်။

"ငါးမြင်းဟာ ဝယ်လိုအားကောင်းတဲ့ ရေထွက်ကုန်တစ်ခုပါ။ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းမှာရှိနေတဲ့ မျိုးရင်းဖြစ်တဲ့အတွက် သားပေါက်ကို တွံတေးငါးလုပ်ငန်း စခန်းက စုဆောင်းပြီးငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှာ ၂၀၂၀ ခုနှစ်ကစပြီး သုတေသနစမ်းသပ်မွေးမြူခဲ့တာ နှစ်နှစ်ရှိပါပြီ။ ငါးမြင်းဟာ အစာကို အရှင်ဖမ်းစားပြီး ရေနက်နက်မှာ နေထိုင်တတ်တာဖြစ်ပေမယ့် ဒီမှာသုံး/လေးပေအနက်မှာ မွေးမြူပြီး အစာတောင့်ကျွေးမွေးခဲ့တာ အောင်မြင်ခဲ့တယ်။ အခြားငါးတွေနည်းတူ (၃/၄) နှစ်သားဖောက်မွေးမြူမှု အောင်မြင်ခဲ့ရင် အဖြေတစ်ခုတွေ့ရလာမှာပါ။ သဘာဝရေပြင်ကနေ မွေးမြူရေးကန်မှာ မွေးမြူတာဖြစ်တဲ့အတွက် သူလိုချင်တဲ့ အာဟာရဓာတ်တွေကို ဖန်တီးပြီး သဘာဝနဲ့ကိုက်ညီအောင် မွေးမြူသွားမယ်ဆိုရင် သားဖောက်တဲ့အဆင့်ကို အောင်မြင်မှာပါ။ ဆိုဒ်လေးမျိုးပါဝင်တဲ့ နှစ်နှစ်သားကနေ သုံးနှစ်သားအထိ ငါးမြင်းကောင်ရေ ၁၀၀ ကို သုတေသနပြုသားဖောက်ပြီးရင် စီးပွားဖြစ်မွေးမြူ ထုတ်လုပ်နိုင်ဖို့ ယနေ့မှာ ပေးအပ်ခဲ့ပါတယ်။ အာဆီယံနိုင်ငံတွေမှာမရှိတဲ့ တိုင်းရင်းမျိုးစိတ်ဖြစ်တဲ့အတွက် National fish အဖြစ် ဂုဏ်ယူလို့ရတဲ့မျိုးစိတ်အဖြစ်ရှိနေပါတယ်" ဟု ငါးလုပ်ငန်းသိပ္ပံ (တွံတေး) ကျောင်းအုပ်၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာမောင်က ပြောသည်။

မြန်မာ့မျိုးရင်းငါးမြင်းငါးကို မန္တလေးတိုင်းဒေသကြီး အောက်ပိုင်းမှစ၍ တွေ့မြင်ရပြီး မဲခေါင်မြစ်တွင်မရှိသော မျိုးစိတ်ဖြစ်သောကြောင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ် မျိုးရင်းတစ်ခုအဖြစ် တည်ရှိလျက်ရှိသည်။ မြန်မာနိုင်ငံတွင် တစ်ချိန်က ပေါများခဲ့သော ငါးသလောက်ကို ယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ National Fish အဖြစ် သတ်မှတ်၍ ပြည်ပဈေးကွက်ကို ထိန်းချုပ်ထားလျက်ရှိပြီး ဝယ်လိုအားအသင့်ရှိနေသော မြန်မာ့ငါးမြင်းငါးကို ပို့ကုန်တစ်ခုအဖြစ်တင်ပို့၍ မျိုးရင်းအဖြစ်ဆက်လက် ထိန်းသိမ်းကာ ဆုံးရှုံးမှုမရှိစေရန် အမျိုးသားငါးမျိုးစိတ် (National Fish) အဖြစ် ရပ်တည်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးလုပ်ငန်းဦးစီးဌာနနဲ့ ငါးလုပ်ငန်းအဖွဲ့ချုပ် ပူးပေါင်းဆောင်ရွက်ခဲ့တာကြာပါပြီ။ ယနေ့ဆောင်ရွက်မှုဟာ ဝမ်းသာဂုဏ်ယူစရာပါ။ မြန်မာ့မျိုးရင်းငါးမြင်းကို သားဖောက်နိုင်မယ်လို့လည်း ယုံကြည်တယ်။ အာဆီယံနိုင်ငံတွေမှာ မရှိတဲ့ မြန်မာ့ငါးမြင်းကို သားဖောက်နိုင်အောင် ပညာရှင်တွေအားလုံးနဲ့ ဆွေးနွေးတိုင်ပင်သွားမှာပါ။ ငါးမြင်းကို မြန်မာနိုင်ငံရဲ့ အမျိုးသားငါး (National Fish) အဖြစ် သတ်မှတ်နိုင်အောင် ကြိုးစားသွားဖို့ ရှိပါတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တိုးနန္ဒာတင် က ပြောသည်။

ပြည်ပဝယ်လိုအားအသင့်ရှိနေသော ရေထွက်ကုန်ဖြစ်၍ ဈေးနှုန်းအမြင့်ဆုံးဖြစ်သောကြောင့် သားဖောက်လုပ်ငန်း အောင်မြင်ပါက မွေးမြူထုတ်လုပ်နိုင်ခြင်းဖြင့် ငါးတန်ကဲ့သို့ နိုင်ငံခြားဝင်ငွေအများဆုံးရှာဖွေပေးနိုင်သော ရေထွက်ကုန်ဖြစ်လာမည်ဖြစ်ပြီး ငါးမြင်းငါးသားပေါက်များကို မြစ်သုံးခုဆုံရာ တွံတေး မြစ်ဝ၊ ညောင်တုန်းဝဲကြီးသောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်တို့မှ စုဆောင်းရရှိခြင်းဖြစ်သည်။ ယနေ့တွင် ပန်းတနော်မြို့နယ် Global Art ငါးမွေးမြူရေးဇုန်သို့ ငါးမြင်းကောင်ရေ ၁၀၀ အား အအေးခန်းနှင့် အောက်ဆီဂျင်ပါသောကားဖြင့် ပို့ဆောင်ခဲ့ပြီး ငါးမွေးမြူရေးဇုန်တွင် သုတေသနပြု၍ သားဖောက်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ရာ အောင်မြင်ပါက စီးပွားဖြစ် မွေးမြူထုတ်လုပ်၍ ဈေးကွက်အသင့်ရှိနေသော ပြည်ပနိုင်ငံများသို့ တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

# တနင်္သာရီတိုင်းဒေသကြီးရှိ ဂျင်း (သွေးခုံး) သားပေါက်များ ဈေးကောင်းရလျက်ရှိ



တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၆၀ ကျော်အနက် နုန်းမြေကောင်းသည့် ကျေးရွာ အများစုတွင် ဂျင်း (သွေးခုံး) ကို စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာပြီး ဂျင်း (သွေးခုံး) သားပေါက်များ ဈေးကောင်းရလျက် ရှိကြောင်း သိရသည်။

ဂျင်း (သွေးခုံး) သားပေါက်တို့သည် ရေကန်တောင်ကျေးရွာတွင် အများဆုံး ထွက်လေ့ရှိပြီး ဂျင်း (သွေးခုံး) မွေးမြူခြင်းလုပ်ငန်းအတွက် သားပေါက်များ အများအပြားဝယ်ယူပြီး ပြန်လည်ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် ဂျင်း (သွေးခုံး) သားပေါက် ရှားပါးခြင်းနှင့် အများအပြားဝယ်ယူခြင်းကြောင့် ဈေးတက်သွားခြင်းဖြစ်ကြောင်း၊ ယခင်က တစ်ခြင်းလျှင် အထိုင်ဈေးကျပ်နှစ်သိန်းကျော်သာရှိပြီး ဂျင်း (သွေးခုံး) သားပေါက် အရနည်းခြင်း၊ စောင့်ဆိုင်းရခြင်းကြောင့် တစ်ဆင့်ခံရောင်းချသူများက ကျပ်လေးသိန်းကျော်ဖြင့် ပြန်လည်ရောင်းချနေခြင်း ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ယခင်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဂျင်း (သွေးခုံး) သားပေါက် ၂၅ ကီလိုပါ တစ်ခြင်းလျှင် ကျပ်နှစ်သိန်းခန့်သာ ဈေးရှိခဲ့ပြီး လက်ရှိအချိန်တွင် ကျွန်းစုမြို့နယ်၌ ဂျင်း (သွေးခုံး) သားပေါက် ၂၅ ကီလိုပါ တစ်ခြင်းလျှင် ကျပ်လေးသိန်းကျော်အထိ ပေါက်ဈေးရှိပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ ဂျင်း (သွေးခုံး) သားပေါက် တစ်ကီလိုလျှင် ကျပ် ၁၈၀၀၀ မှ ၂၀၀၀၀ ခန့်ရှိပြီး ဈေးကွက်ဝင် ဂျင်း (သွေးခုံး) အကောင်ကြီး တစ်ကီလိုလျှင် ကျပ် ၆၅၀၀ ခန့်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသို့ မောတောင်နယ်စပ်ဂိတ်မှတစ်ဆင့် အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **DOCA(တနင်္သာရီ)**

# ကျောက်ဆည်ခရိုင်၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာသော ပဲကြီး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စပါး၊ ရေတတ်၊ ကြက်သွန်စသည့် သီးနှံမျိုးစုံကို စိုက်ပျိုးသည့်အပြင် ပဲကြီးသီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်အချိန်က ပဲကြီးသီးနှံများကို အပိုဝင်ငွေတိုးစေရန်အလို့ငှာ လယ်ကန်သင်းများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးခဲ့ရာမှ ယခုအချိန်တွင် လယ်မြေ ယာမြေများ၌ စီးပွားဖြစ် စိုက်ပျိုးလာကြကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်တွင် ပဲကြီးစိုက်ဧက ၁၉၂၇ ဧက စိုက်ပျိုးထားရှိပြီး ဧက ၈၆၀ ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ ကျောက်ဆည်မြို့နယ်ရှိ ရဲကြီးကျေးရွာ၊ အရှေ့သပြေသာကျေးရွာများတွင် ပဲကြီးအများဆုံး စိုက်ပျိုးပြီး ယခင်က အခြားရွာများတွင် ပဲကြီးကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးခဲ့ရာမှ ယခုအချိန်၌ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။ တစ်ဧကကုန်ကျစရိတ်မှာ ပဲကြီးမျိုး၊ လုပ်သားခ၊ သွင်းအားစုများ အပါအဝင် စုစုပေါင်းကျပ် ၅၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းမှာ ၁၃ တင်းခန့် ထွက်ရှိကြောင်း၊ ပဲကြီးထွက်ပေါ်စတွင် အခွံခွာပြီးသော ပဲကြီးအစို တစ်ပြည်လျှင် ကျပ် ၄၀၀၀ ဈေးရှိပြီး ယခု လှိုင်လှိုင်ပေါချိန်တွင် ပဲကြီးအစို တစ်ပြည်လျှင် ကျပ် ၂၀၀၀ ဈေးနှုန်းများဖြင့်သာ ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ ယခင်နှစ်တွင် ပဲကြီးအခြောက် တစ်တင်းလျှင် ကျပ် ၆၅၀၀၀ ရှိခဲ့ရာ ယခုနှစ်တွင် ပဲကြီးအခြောက် တစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြစ်ပြီး ပဲကြီးစိုက်တောင်သူများအနေဖြင့် ဝင်ငွေတိုးပွားလျက် ရှိကြောင်း သတင်းရရှိသည်။

**DOCA (မန္တလေး)**

## မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြက်သွန်နီ တန်ချိန် ၇ ဒသမ ၂ တန်၊ ကြက်သွန်နီ တန်ချိန် ၉၆ ဒသမ ၀၀ တန်နှင့် ငါးအသားလွှာ (၅ ဒသမ ၇၆) တန် တင်ပို့ခဲ့သည်။

### တန် ၁၀၀၀ တင်သွင်းခဲ့

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်ဒေသတွင် သုံးစွဲလျက်ရှိသည့် စက်သုံးဆီများအား ထိုင်းနိုင်ငံမှ တင်သွင်းသုံးစွဲလျက်ရှိရာ ဖေဖော်ဝါရီလ ၁၄ ရက်မှ ၁၅ ရက်နေ့အတွင်း ဒီဇယ်ဆီ တန် ၁၀၀၀ တင်သွင်းခဲ့ကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၈၅ ဒသမ ၁၅ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

## ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကုန်သွယ်မှုအခြေအနေ

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ၂၁၅ ဒေါ်လာသန်းနှင့် သွင်းကုန် ၁၀ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၂၂၅ ဒေါ်လာသန်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်အထိ အမှန်ဆောင်ရွက်မှုအနေဖြင့် ပို့ကုန် ၇၃ ဒသမ ၂၉၁ ဒေါ်လာသန်း၊ သွင်းကုန် ၁၀ ဒသမ ၄၄ ဒေါ်လာသန်းဖြင့် စုစုပေါင်းကုန်သွယ်မှု ၈၃ ဒသမ ၇၂၇ ဒေါ်လာသန်း ရရှိပြီးဖြစ်သည်။

### ယခင်နှစ်များထက် လျော့နည်း

ဘဏ္ဍာနှစ်လျာထားချက်အပေါ် ပို့ကုန် ၃၄ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပြီး သွင်းကုန် ၁၀၄ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ပို့ကုန်ပိုင်း လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှု လျော့နည်းနေခြင်းမှာ ယခုနှစ်တွင် ဒေသတွင်းတစ်သျှူးငှက်ပျောစိုက်ပျိုးထွက်ရှိမှုနှင့် တင်ပို့မှုမှာ ယခင်နှစ်များထက် လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

### ၁၅.၂.၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိသာ) | | စားဖိုဆောင်သုံး (တစ်ပိသာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိသာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ရေတတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၅၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၇၀၀၀၀ |
| ၂ | လားရှိုး | ၂၁၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၂၈၇၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၇၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | ၅၃၀၀ | | ၂၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၄ | တောင်ကြီး | ၂၄၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၆၇၀၀ | ၂၀၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၂၇၀၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၀၀ | ၇၀၀၀ | ၄၇၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၈၀၀၀၀ |
| ၆ | ဘားအံ | ၂၁၀၀ | | ၁၂၀၀၀ | ၆၉၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၆၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၅၀၀ | ၄၈၀၀ | ၄၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၆၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၅၀၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၆၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၅၈၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၅၀၀ | ၁၉၀၀ | ၄၈၀၀ | ၄၈၀၀ | ၄၂၀၀ | ၁၉၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၆၀၀၀၀ |
| ၉ | မြိတ် | ၂၃၀၀ | | ၁၅၀၀၀ | ၆၈၀၀ | ၁၅၀၀၀ | ၁၈၀၀ | ၆၂၀၀ | ၅၃၀၀ | ၄၃၀၀ | ၂၆၀၀ | ၈၀၀ | ၆၇၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၉၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | | ၂၈၅၇၀၀၀ |
| ၁၀ | ရန်ကုန် | ၂၂၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၄၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၁၅၀ | | ၁၃၅၀၀ | ၆၇၀၀ | ၁၃၀၀၀ | ၁၇၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၄၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၇၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၄၀၀ | ၂၀၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၁၇၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၆၀၀ | ၇၈၀၀ | ၄၆၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၇၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၉၀၀ | | ၁၂၀၀၀ | ၇၃၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၈၀၀ | ၆၄၀၀ | ၄၅၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၆၉၉၀၀၀ |
| ၁၅ | မန္တလေး | ၂၂၀၀ | ၁၅၀၀ | ၁၂၅၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၉၅၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၁၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀ | ၅၅၀ | ၆၅၀၀ | ၅၆၀၀ | ၄၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၂၀၀၀၀ |
| ၁၇ | မကွေး | ၂၄၅၀ | | ၁၁၀၀၀ | ၆၇၀၀ | ၁၈၀၀၀ | ၁၈၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၈၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၆၅၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၃၀၀ | ၂၅၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၅၀၀၀၀ |
| ၁၉ | ပဲခူး | ၂၃၀၀ | | ၁၃၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀ | ၅၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၉၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၃၅၀ | | ၁၃၅၀၀ | ၆၃၀၀ | ၁၄၀၀၀ | ၁၈၀၀ | ၄၄၀၀ | ၄၂၀၀ | ၄၀၀၀ | ၂၄၀၀ | ၅၀၀ | ၇၀၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၇၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၃၅၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၄၆၀၀ | ၄၄၀၀ | ၄၂၀၀ | ၂၄၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၄၂၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၈၇၀၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၇၃၀၀ | | ၂၅၀၀ | ၄၀၀၀ | ၅၂၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၈၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် မုံရွာတွင် ကျပ် ၁၀၀၊ စားအုန်းဆီ တစ်ပိသာလျှင် ပုသိမ်နှင့်ပြည်တွင် ကျပ် ၁၀၀၊ မုံရွာတွင် ကျပ် ၂၀၀၊ မန္တလေးတွင် ကျပ် ၃၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိသာလျှင် မြိတ်တွင် ကျပ် ၂၀၀၊ ဆိတ်သား တစ်ပိသာလျှင် လားရှိုးတွင် ကျပ် ၁၅၀၀ ဈေးတက်ခဲ့ပါသည်။

(၂) ရေတတ်ခြောက် တစ်ပိသာလျှင် ထားဝယ်တွင် ကျပ် ၅၀၀၊ မြိတ်တွင် ကျပ် ၁၀၀၀၊ ပဲခူးတွင် ကျပ် ၂၀၀၀၊ ကြက်သွန်နီ တစ်ပိသာလျှင် မြိတ်နှင့် မုံရွာတွင် ကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိသာလျှင် မုံရွာတွင် ကျပ် ၂၀၀ ဈေးကျခဲ့ပါသည်။

# ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာအနီး ကြာအင်းဆိပ်ကြီး - ချောင်းနှစ်ခွလမ်းရှိ ဒါလီချောင်းကူးတံတားအား အကြမ်းဖက်မှုကိုလိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆** ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာအနီး ကြာအင်းဆိပ်ကြီး – ချောင်းနှစ်ခွလမ်းရှိ ဒါလီချောင်းကူးတံတားအား အကြမ်းဖက်မှုကို လိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် သံပုရာကျေးရွာအနီး ကြာအင်းဆိပ်ကြီး– ချောင်းနှစ်ခွလမ်း KM 9 နှင့် KM 10 ကြားရှိ ဒါလီချောင်းကူးတံတားအား အကြမ်းဖက်မှုကို လိုလားသည့် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ရာ အလျား ၁၈၈ ပေ အနံ ၁၆ ပေခန့်ရှိ သံပေါင်တံတား တစ်ခြမ်း ပြိုကျပျက်စီးခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် အဆိုပါတံတားသို့ အကြမ်းဖက်အဖွဲ့ အင်အား ၁၀ ဦး ခန့်က ထပ်မံရောက်ရှိလာပြီး ကျန်ရှိနေသည့် တံတားတစ်ခြမ်းအား ထပ်မံမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားတစ်ခြမ်း ထပ်မံပျက်စီးခဲ့ပြီး လူနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။



အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဒါလီချောင်းကူးတံတား။

အကြမ်းဖက် သမားများ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက အများပြည်သူ ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၇)ရပ်ကွက် ဝက်အင်းကြီး ရပ်နေ လူမင်းကျော်(ခ)ကျော်ဦးသည် ၎င်းအသုံးပြုသည့် “Lu Min Kyaw” Facebook အကောင့်၊ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက်နေ ကျော်အေး (ခ)ပေါက်ပြားနှင့် ခင်မောင်ဌေးတို့သည် ၎င်းတို့အသုံးပြုသည့် “Kyaw Aye” Facebook အကောင့် နှင့် “Khin Mg Htay” Facebook အကောင့်၊ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေ ကျော်ဇင်ဝင်းသည် ၎င်းအသုံးပြုသည့် “Kyaw Zin Win” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် ၁၅ ဒသမ ၉၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၈၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ ဒသမ ၄ သန်း ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ တန် ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆** ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ငွေကျပ် ၁၅ ဒသမ ၉၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၈၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၇ ဒသမ ၄ သန်း၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ တန် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ပါဆတ်ရပ်ကွက် လွန်းကျိုင်းရပ်ရှိ အမှတ်(၃/၁၂၂) နှင့် (၃/၁၂၃) နေအိမ်နှစ်လုံးကို သတင်းအရ ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်း စိုင်းရွက်အား ဒေသကာလတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၉၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၈၀ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၇ ဒသမ ၄ သန်း၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ တန်နှင့် ဆက်စပ်ပစ္စည်းများကို မော်တော်ယာဉ်လေးစီးနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများ ပိုင်ဆိုင်သည့် ငွေကြေး အကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးနှင့် ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိသည့် နေအိမ်/တရားခံနှင့် သက်သေခံပစ္စည်းများအား တွေ့ရစဉ်။

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ရှိ SHWE Phase 3 Development ဧရိယာတွင် Offshore Jacket Installation လုပ်ငန်းများအား HYUNDAI 2500 နှင့် အထောက်အကူပြုရေယာဉ်များဖြစ်သော LANPAN 26, LANPAN 34 တို့ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၈.၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀ မိနစ် ၄၈.၁၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၄၈.၉၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၁၄.၂၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၈ မိနစ် ၃၃.၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၄ မိနစ် ၁၄.၇၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၈ မိနစ် ၃၃.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၀ မိနစ် ၄၈.၇၆ စက္ကန့် တို့အတွင်းတွင် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ရှိ SHWE Phase 3 Development ဧရိယာတွင် Offshore Jacket Installation လုပ်ငန်းများအား HYUNDAI 2500 နှင့် အထောက်အကူပြု ရေယာဉ်များဖြစ်သော LANPAN 26, LANPAN 34 တို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်




**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် ၁၀၅ ကို ဖေဖော်ဝါရီ ၁၇ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည် ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် သဲဆုဇော်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇၊ ၁၈ နှင့် ၁၉ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## “နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်” မှ “တံခါးမှူး ဒတ္တ” ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် “နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို အောက်တို ဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ “တံခါးမှူးဒတ္တ” ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မစိန်မုန့်လုံး၏ တီးခတ်မှု၊ တင်မောင်ဆန်းမင်းဝင်း၊ နန်းခင်မွှေး၊ ဘွန်း၊ ငြိမ်းချမ်းခိုင်၊ ချမ်းချမ်းမိုးနှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်၊ စနေနေ့ ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၂ ရက် ဗုဒ္ဓဟူးနေ့၊ ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## “ချစ်သူ့ဆွဲအား တေးဂီတ” ဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Show အစီအစဉ် ဆန်းသစ်မှုအဖြစ် “ချစ်သူ့ဆွဲအား တေးဂီတ” ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၇ ရက် (သောကြာနေ့) ည ၈ နာရီ သတင်းအပြီးတွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် “မြန်မာ့ အသံတေးဂီတ”အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဝေလျှို၊ မိုးယံဇွန်၊ စောဒယ်နီရယ်၊ ချိုမီမီဇော်၊ ထွန်းပပအောင်၊ ပူတူး၊ ရေဂျီးနား၊ ခိုင်သဇင်ဦး၊ ဖူးကေရီဆောင်း နှင့် ပပအောင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီ ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်/ဆိပ်ကမ်းများ၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသည့် ကြွေပြားချပ်များ၊ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Grinding Wheel ကီလိုဂရမ် ၃၂၆၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၅၆၃၉၄) ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (သွင်းကုန်)၌ လိုင်စင်ခွင့်ပြုချက်မရမီ ကုန်ပစ္စည်း ရောက်ရှိသည့်ရက် ၆၀ ကျော်လွန်နေသည့် Assy Pcb Thyratron Pulser တစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၇၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၂၆၃၉၄ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Rechargeable LED Bulb 60W ၁၅ ဖာ၊ ကြွေပြားချပ် ၁၂၈ ချပ် အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၄၈၁၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Tractor–Head နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၄၀၄၈၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဘောလခဲခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘောလခဲမြို့မှ ဖားဆောင်းမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် လေးစီးပေါ်မှ တရားမဝင် စက်သုံးဆီ ဂါလန် ၈၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၇၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ယင်းအပြင် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် နတ်တလင်းခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၁၈ ဒသမ ၄၂၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၅၄၇၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Cycle Ceiling Fans အခု ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၄ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၄၃၆၆၈၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ငလျင်ဘေးဒဏ်ခံ တူရကီယဲနှင့် ဆီးရီးယားနိုင်ငံတို့သို့ ဂျပန်နိုင်ငံမှ အမေရိကန် ဒေါ်လာ ၂၇ သန်း အကူအညီ ထောက်ပံ့ပေးသွားမည်

**တိုကျို ဖေဖော်ဝါရီ ၁၆**

ငလျင်ဒဏ် ခံစားခဲ့ရသည့် တူရကီယဲနှင့်ဆီးရီးယားနိုင်ငံတို့သို့ အရေးပေါ် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် အမေရိကန်ဒေါ်လာ ၂၇ သန်းတန်ဖိုးရှိသည့် အကူအညီများ ထောက်ပံ့ပေးသွားမည်ဟု ဂျပန်အစိုးရက ကတိပြု ပြောကြားခဲ့သည်။



တူရကီယဲနိုင်ငံတောင်ပိုင်း ဒိုင်ရာဘက်ကီရာ၌ ငလျင်လှုပ်မှုကြောင့် ပျက်စီးနေသည့် အဆောက်အအုံများကို တွေ့ရစဉ်။

ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်နှင့် အစိုးရမဟုတ်သော ဂျပန်အဖွဲ့အစည်းများမှတစ်ဆင့် နှစ်နိုင်ငံစလုံးသို့အကူအညီများ ပေးပို့သွားမည်ဟု နိုင်ငံခြားရေးဝန်ကြီး ဟာယာရှိ ယိုရှီမက်ဆာက ပြောသည်။ ကူညီမှု အစီအစဉ်နှင့် ပတ်သက်၍ အသေးစိတ် အစီအစဉ်များကို အရာရှိများက ဆက်လက် လုပ်ဆောင်လျက် ရှိကြောင်း ၎င်းကပြောသည်။

ငလျင်နှင့် အခြားသော သဘာဝဘေးများ တွေ့ကြုံရမှုတွင် အတွေ့အကြုံများကို အခြေခံကာ ဂျပန်နိုင်ငံမှ ကယ်ဆယ်ရေး လုပ်သားများကို ငလျင်ဒဏ်ခံဒေသသို့ စေလွှတ်နိုင်ရေးကိုလည်း အစွမ်းကုန် ကြိုးပမ်းသွားမည်ဟု ဂျပန်နိုင်ငံခြားရေး ဝန်ကြီးက ပြောသည်။

ပြည်သူများ လိုအပ်နေသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဂျပန်နိုင်ငံသည် လျင်မြန်စွာ ကူညီပေးသွားမည်ဟု ၎င်းက ဆက်ပြောသည်။ ဆီးရီးယားနိုင်ငံတွင်မူ အစိုးရဆန့်ကျင်ရေးတပ်များ ထိန်းချုပ်ထားသည့် ဒေသများတွင် ငလျင်ဘေးဒဏ်ခံပြည်သူများကို အကူအညီများ ပေးအပ်နိုင်ရန်မှာ နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် - ၁၉ ဆေးဝါးများသည် အိုမီခရွန်မျိုးကွဲ XBB.1.5 အတွက်လည်း အကျိုးသက်ရောက်မှုရှိဟု သုတေသီများပြောကြား

**တိုကျို ဖေဖော်ဝါရီ ၁၆**

ကိုဗစ် – ၁၉ အတွက် ထုတ်လုပ်ထားသည့် ဗိုင်းရပ်စ်တိုက်ဖျက်ရေးဆေးများသည် အိုမီခရွန်မျိုးကွဲ XBB.1.5 ကို တိုက်ဖျက်ရာတွင်လည်း အကျိုးသက်ရောက်မှုရှိသည်ဟု သုတေသီအဖွဲ့တစ်စု၏ ပြောကြားချက်အရ သိရသည်။

အိုမီခရွန်မျိုးကွဲ XBB.1.5 သည် ခုခံမှုမြင့်မားသည်ဟုဆိုကာ လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ပျံ့နှံ့လျက်ရှိသည်။ တိုကျိုဆေးသိပ္ပံ တက္ကသိုလ်မှ ပရောဖက်ဆာ ကာဝါအိုကာ ယိုရှီဟီရို ဦးဆောင်သည့် အဖွဲ့အစည်းသည် အဆိုပါလေ့လာမှုကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ ရှာဖွေတွေ့ရှိမှုကို ဆေးဘက်ဆိုင်ရာဂျာနယ်တွင် ဖော်ပြခဲ့သည်။

ကိုဗစ် –၁၉သောက်ဆေးများနှင့်အခြားသော ကိုဗစ်–၁၉ ဆေးများကိုအသုံးပြုကာ အိုမီခရွန်မျိုးကွဲ XBB.1.5 ကို နှိမ်နင်းနိုင်ခြင်း ရှိ မရှိ ကို စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆေးဝါးများသည် အိုမီခရွန်မျိုးကွဲ BA.2 ကို တိုက်ဖျက်ရာတွင် ထိရောက်မှုရှိကြောင်း တွေ့ရှိခဲ့သည်။

အဆိုပါမျိုးကွဲမှာ ပြီးခဲ့သည့်နှစ်အစောပိုင်းလများက ကူးစက်ပျံ့နှံ့သည့် မျိုးကွဲလည်းဖြစ်သည်။ ကိုဗစ်–၁၉ ကာကွယ်ဆေးများကို စမ်းသပ်ရာတွင်လည်း အစောပိုင်းကာကွယ်ဆေး လေးကြိမ်ထိုးထားသည့် လူများ၏ သွေးအတွင်းတွင် XBB.1.5 ကို တွေ့ရှိရန် ခဲယဉ်းကြောင်း သုတေသီများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဘရာဇီးနိုင်ငံ၏ အကျဉ်းထောင်၌ မီးလောင် သုံးဦး သေဆုံးပြီး ၄၃ ဦး ဒဏ်ရာရရှိ

**ဆော်ပိုလို ဖေဖော်ဝါရီ ၁၆**

ဘရာဇီးနိုင်ငံတောင်ပိုင်း အကျဉ်းထောင်တစ်ခုတွင် ဖေဖော်ဝါရီ ၁၅ ရက်က မီးလောင်မှုဖြစ်ပွားရာ အကျဉ်းသား သုံးဦးထက်မနည်း သေဆုံးပြီး ၄၃ ဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်းအာဏာပိုင်များက ပြောကြားသည်။

စန်တာကာတာရီနာပြည်နယ်အတွင်း ဖလော်ရီယာနာပိုလီစ်မြို့ အကျဉ်းထောင်တွင် အကျဉ်းသား ထားရာအခန်းတစ်ခုအတွင်း မွေ့ရာတစ်ခု၌ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း ပြစ်ဒဏ်စီရင်ရေးကော်မရှင် အကြီးအကဲဖြစ်သူ ဝီလျံ ရှင်ဖာတိုက ပြောကြားသည်။

သုံးဦးစလုံးမှာ မီးခိုးမွန်ကာသေဆုံးခြင်းဖြစ်ကြောင်း ဘရာဇီးနိုင်ငံ၏ ရှေ့နေများက ပြောကြားသည်။ မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီး အကျဉ်းထောင်၏ အခြားနေရာများသို့ ပျံ့နှံ့လောင်ကျွမ်းခြင်း မရှိကြောင်း ဘရာဇီးသတင်းကွန်ရက် ဂလိုဘိုနယူးစ်က ပြောကြားသည်။

**ဆင်ဟွာ**

# သတ်မှတ်ကာလထက်စော၍ ရာထူးမှနုတ်ထွက်သွားရန် အစီအစဉ်ရှိသည်ဟု ကမ္ဘာ့ဘဏ်အကြီးအကဲ ကြေညာ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌဒေးဗစ်မယ်လ်ပက်စ်သည် သတ်မှတ်ကာလထက်တစ်နှစ်စော၍ ရာထူးမှ နုတ်ထွက်သွားရန် အစီအစဉ်ရှိသည်ဟု ဖေဖော်ဝါရီ ၁၅ ရက်တွင် ၎င်း၏ရည်ရွယ်ချက်ကို ကြေညာခဲ့သည်။ ၎င်း၏ရာထူးသက်တမ်း မကုန်ဆုံးမီ တစ်နှစ်အလိုတွင် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့အစည်းက ကြေညာခဲ့သည်။




ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ဒေးဗစ်မယ်လ်ပက်စ်။

ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်မှာ လေးနှစ်ကြာခဲ့ပြီးနောက် ဇွန် ၃၀ ရက်က ကမ္ဘာ့ဘဏ်အုပ်စု၏ ဘဏ္ဍာနှစ်ကုန်ပိုင်းတွင် ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားခဲ့သည်။ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်လက်ထက်တွင် ဒေးဗစ်မယ်လ်ပက်စ်သည် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌအဖြစ် အမည်စာရင်း တင်သွင်းခံရခြင်းဖြစ်သည်။ ၎င်းသည် ကိုဗစ် – ၁၉ ကပ်ရောဂါ အစပိုင်းတွင် ရာထူးတာဝန်ကို စတင်ထမ်းဆောင်ခဲ့ရခြင်းလည်းဖြစ်သည်။

ငါးနှစ်သက်တမ်းရှိသည့် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနေရာကို လေးနှစ်သာ တာဝန် ထမ်းဆောင်ပြီး ထွက်ခွာသွားမည့် အကြောင်းကိုမူ သေချာမသိရသေးကြောင်း။ နောက်ထပ် စိန်ခေါ်မှုအသစ်များနောက် လိုက်လိုသည့်အတွက် ယခုလို ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

# ဇန်နဝါရီလအတွင်း ဩစတြေးလျနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးလာ

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၆**

ရာသီအလိုက်ချိန်ညှိထားသည့် အလုပ်အကိုင်အတွင်း လစဉ် ဒုတိယမြောက် ဆက်တိုက်ကျဆင်းလာပြီးနောက် ဩစတြေးလျနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ တိုးလာကြောင်း သိရသည်။

အလုပ်လက်မဲ့နှုန်းမှာ ဒီဇင်ဘာလက ၃ ဒသမ ၅ ရာခိုင်နှုန်းရှိရာမှ ၃ ဒသမ ၇ ရာခိုင်နှုန်းသို့ တိုးလာကြောင်း ဩစတြေးလျ စာရင်းအင်းဗျူရို (အေဘီအက်စ်) မှ ဖေဖော်ဝါရီ ၁၆ ရက်တွင် ထုတ်ပြန်သည့် ဇန်နဝါရီလအတွက် အလုပ်သမားအင်အားဆိုင်ရာ အချက်အလက်များအရ သိရသည်။

ဩစတြေးလျနိုင်ငံ၌ အလုပ်လက်မဲ့ဦးရေသည် ဒီဇင်ဘာလမှ ဇန်နဝါရီလအတွင်း ၂၁၉၀၀ တိုးလာကာ အလုပ်အကိုင် ၁၁၀၀၀ ဝန်းကျင် လျော့ကျသွားကြောင်း သိရသည်။ အဆိုပါအရေအတွက်သည် ဘတ်ဂျက်ခန့်မှန်းချက်များနှင့် ကိုက်ညီပြီး အလုပ်လက်မဲ့များ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ဘဏ္ဍာရေးမှူး ဂျင်ချဲလ်မားစ်က ပြောကြားသည်။

**ဆင်ဟွာ**

# တောင်အာဖရိကနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ငါးဦးသေဆုံးပြီး လေးဦးကျော် ပျောက်ဆုံးနေ

**ဂျိုဟန်နစ္စဘတ် ဖေဖော်ဝါရီ ၁၆**

တောင်အာဖရိကနိုင်ငံ အမ်ပူမလန်ဂါနှင့် လင်ပိုပိုပြည်နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စုစုပေါင်း ငါးဦးသေဆုံးပြီး အခြားလေးဦး ပျောက်ဆုံးနေကြောင်း ပြည်နယ်အစိုးရနှစ်ခု၏ ပြောကြားချက်အရ သိရသည်။

ရေနစ်သေဆုံးမှုများ မဖြစ်အောင် ဆည်များနှင့် မြစ်များကို ဖြတ်မကူးရန် ပြည်သူများအား တိုက်တွန်းထားကြောင်း၊ ကလေးများကို ဘေးကင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရန် မိဘများကို တိုက်တွန်းထားကြောင်း အမ်ပူမလန်ဂါပြည်နယ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ မန်ဒလာ အမ်စီဘီက ပြောကြားသည်။

**ဆင်ဟွာ**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၀၅ ရာခိုင်နှုန်းရှိ

**(၁၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၀၅,၉၂၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၇၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြား ထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာ ကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၅ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၂၂၅ | ၂၂၃၅ | ၂၂၇၀ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၈၁၀ |
| 95 Ron | ၂၂၆၀ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၀၅ | ၂၃၃၀ | ၂၃၁၅ | ၂၂၉၅ | ၂၃၉၀ | ၂၄၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၃၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၅၇၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၉၅ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၃၃၅၀ |
| HSD (50 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၄၀ | ၃၃၇၅ |
| HSD (10 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၀ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၅ | ၂၄၇၀ | ၂၃၆၀ | ၂၃၇၅ | ၂၄၀၅ | ၂၄၁၀ | ၂၄၁၀ | ၂၆၄၀ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၇၆ | ၂၁၅၁ |
| 95 Ron | ၂၁၄၇ | ၂၂၂၃ |
| HSD (500 ppm) | ၂၁၃၄ | ၂၂၀၆ |
| HSD (50 ppm) | ၂၂၀၇ | ၂၂၈၁ |
| HSD (10 ppm) | ၂၂၀၇ | ၂၂၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသင်းသင်းအေး၊ ပါမောက္ခ(ဌာနမှူး) သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသားကျောင်းသူများအတွက် သမိုင်းဘာသာရပ် သိကောင်းစရာများကို တင်ပြသွားပါမယ်။ ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းမှာ နှစ်ပိုင်းပါဝင်တယ်။ ကိုလိုနီခေတ်နဲ့ လွတ်လပ်ပြီးခေတ်တို့ဖြစ်တယ်။

ကိုလိုနီခေတ်ကို လေ့လာမယ်ဆိုရင် ပထမဦးစွာ သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ရတဲ့ တိုင်းရင်းသားတို့ တောင်ပေါ်မြေပြန့်မကျန် ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြပုံကို လေ့လာဖို့လိုပါတယ်။ ကိုလိုနီခေတ်ဦး လက်နက်ကိုင်တော်လှန်မှုများ ကျဆုံးပြီးနောက် ငုပ်လျှိုးသွားခဲ့တဲ့ မြန်မာတို့ရဲ့အမျိုးသားစိတ်ဓာတ် မကြာမီပြန်လည်နိုးကြားလာတဲ့ အပိုင်းကို လေ့လာတဲ့အခါ ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှု၊ ဂျီစီဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုဟူ၍ လေ့လာသင့်တယ်။

ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းကို ခုနှစ်အပိုင်းအခြားနဲ့လည်း လေ့လာသင့်တယ်။ ၁၉၀၆ မှ ၁၉၂၀ ကာလအတွင်း အမျိုးသားစိတ်ဓာတ် နိုးကြားလာခြင်းဆိုပြီး မေးရင်လည်း ဝိုင်အမ်ဘီအေဦးဆောင်တဲ့ အမျိုးသားလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ကြောင်းသိဖို့ လိုအပ်တယ်။ သမိုင်းဘာသာရပ်မှာ ခုနှစ်၊ သက္ကရာဇ်တိုင်း သိရှိဖို့မလိုအပ်ပေမယ့် အရေးပါတဲ့ခုနှစ်၊ သက္ကရာဇ်တွေကို သိရမှာဖြစ်တယ်။ ၁၉၂၀ ပြည်မြို့မှာ ကျင်းပတဲ့ ဝိုင်အမ်ဘီအေညီလာခံအပြီးမှာ ဝိုင်အမ်ဘီအေဟာ နိုင်ငံရေးကို ဆောင်ရွက်ခြင်းမပြုတော့တာတွေ့ရတယ်။ ဝိုင်အမ်ဘီအေရဲ့နေရာမှာ နိုင်ငံရေးဆောင်ရွက်မယ့် အသင်းကြီး တစ်သင်းထွက်ပေါ်လာတယ်။ အဲဒါက ဂျီစီဘီအေဖြစ်တယ်။

၁၉၂၀ မှ ၁၉၃၀ ကာလအတွင်း မြန်မာနိုင်ငံအမျိုးသား လှုပ်ရှားမှုကို ဦးဆောင်ခဲ့တဲ့ အဖွဲ့အစည်းမှာ ဂျီစီဘီအေခေါ် မြန်မာ့အသင်းချုပ်ကြီးဖြစ်တယ်။ ဂျီစီဘီအေအသင်းကြီးဟာ ၁၉၃၀ မှာ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားတယ်။ အဲဒီကာလ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲမှာ မြန်မာအမျိုးသမီးများ၏ ကုမ္မာရီအသင်းသည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြတယ်။

ဂျီစီဘီအေ အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားလို့ နယ်ချဲ့ဆန့်ကျင်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အသင်းကြီးတစ်သင်းပေါ်ပေါက်ဖို့ ပြည်သူတို့မျှော်လင့်နေချိန်မှာ ပေါ်ပေါက်လာတဲ့ အသင်းဟာ တို့ဗမာအစည်းအရုံးဖြစ်တယ်။ တို့ဗမာအစည်းအရုံးကို ၁၉၃၀ မေ ၃၀ မှာ စတင်ဖွဲ့စည်းတာဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားလှုပ်ရှားမှု သမိုင်းမှာ တို့ဗမာအစည်းအရုံးရဲ့ အခန်းကဏ္ဍကလည်း အရေးပါတယ်။ တို့ဗမာအစည်းအရုံးရဲ့ ကာလအပိုင်းအခြားဟာ ၁၉၃၀ မှ ၁၉၄၁ အထိ ဖြစ်တယ်ဆိုတာလည်း သိထားသင့်တယ်။

၁၉၃၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံတွင် ဆရာစံဦးဆောင်တဲ့ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ နယ်ချဲ့ကို လက်နက်စွဲကိုင်တော်လှန်ခဲ့ခြင်းဖြစ်တယ်။ တောင်သူလယ်သမားအရေးတော်ပုံမှာ အရေးတော်ပုံမတိုင်မီ လယ်သမားတို့အခြေအနေ၊ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်လာရခြင်းတို့ကို သီးခြားလေ့လာလို့ရတယ်။ တို့ဗမာအစည်းအရုံးကာလအတွင်းမှာပဲ ခွဲရေးတွဲရေးပြဿနာ ပေါ်ပေါက်လာပြန်တယ်။ ခွဲရေးတွဲရေးပြဿနာဟာ အင်္ဂလိပ်တို့ရဲ့ သွေးခွဲရေးစီမံချက်တစ်ခုဖြစ်တယ်။

မြန်မာ့သမိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့် (ခရစ်နှစ် ၁၉၃၈) ဟာ ထူးခြားတဲ့နှစ်ဖြစ်တယ်။ ဒီနှစ်အတွင်း ပေါ်ပေါက်လာတဲ့ နိုင်ငံရေးလှုပ်ရှားမှုကို ၁၃၀၀ ပြည့်အရေးတော်ပုံလို့ မော်ကွန်းတင်ခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံဂယက်ကြောင့် မြန်မာတိုင်းရင်းသားတွေရဲ့ နယ်ချဲ့ဆန့်ကျင်မှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုဟာ ပိုမိုပြင်းထန်လာခဲ့တယ်။ ၁၃၀၀ ပြည့် အရေးတော်ပုံ ဖြစ်ပွားတဲ့ကာလဟာ ခရစ်သက္ကရာဇ်အားဖြင့် ၁၉၃၈–၁၉၃၉ ကာလ ဖြစ်တယ်ဆိုတာကိုလည်း သိထားရမှာဖြစ်တယ်။

ဒီကာလမှာ ဥရောပမှာ ဒုတိယကမ္ဘာစစ်ကြီးစတင်ရန် နီးကပ်လာတဲ့ အချိန်ဖြစ်တယ်။ အာရှမှာလည်း ဖက်ဆစ်ဂျပန်တို့ရဲ့ ခြိမ်းခြောက်မှုဟာ ပိုမိုများပြားနေတဲ့အချိန်ဖြစ်လို့ မြန်မာတို့က အင်္ဂလိပ်အခက်–ဗမာ့အချက်မူဖြင့် လွတ်လပ်ရေးရရန် ပိုမိုဆောင်ရွက်လာရာမှ ဗမာ့ထွက်ရပ်ဂိုဏ်းဆိုတာ ပေါ်ပေါက်လာတယ်ဆိုတာ သိထားရမှာဖြစ်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၄၀–၁၉၄၅ အထိ ကာလအပိုင်းအခြားဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့အပိုင်း ဖြစ်တယ်။ ဒီအပိုင်းကို အဆင့်နှစ်ဆင့်ခွဲခြားပြီး လေ့လာသင့်တယ်။ ပထမအဆင့်မှာ ၁၉၄၀–၁၉၄၂ ကာလအတွင်း အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခြင်းဖြစ်တယ်။ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်ခြင်းကိုလည်း ထပ်မံပိုင်းခြားလေ့လာလို့ရတယ်။ ဥပမာ–ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ၊ ဘီဒီအေဆိုပြီး ခွဲခြားလေ့လာနိုင်ပါတယ်။ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးဆင်နွှဲတဲ့ ဒုတိယအဆင့်မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး ၁၉၄၂–၁၉၄၅ ဖြစ်တယ်။ ဒီအပိုင်းမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေး ဆင်နွှဲရန် ဖန်တီးပေးတဲ့အခြေအနေများ၊ အခြေခံသဘောထားနှင့် အစီအမံများ၊ အောင်မြင်မှုများဟူ၍ အပိုင်းပိုင်းပြီး လေ့လာဖို့လိုပါတယ်။

လွတ်လပ်ရေးရယူခြင်းအပိုင်းကို လေ့လာရာတွင် ဖဆပလအဖွဲ့အနေဖြင့် ဘုရင်ခံအမှုဆောင်ကောင်စီတွင် မပါဝင်မီနဲ့ ပါဝင်ပြီးနောက်ပိုင်း အခြေအနေတို့ကို လေ့လာဖို့လိုတယ်။ လွတ်လပ်ရေးအရယူခြင်း ခေါင်းစဉ်ရဲ့အောက်မှာ စက္ကူဖြူစာတမ်း၊ နေသူရိန်လူထုအစည်းအဝေး၊ ဂန္ဒီကွန်ဖရင့်၊ အလယ်ပစ္စယံအစည်းအဝေး၊ အောင်ဆန်းအက်တလီစာချုပ်၊ ပင်လုံညီလာခံ၊ နု–အက်တလီစာချုပ် ဆိုပြီးရှိတယ်။

အင်္ဂလိပ်ခေတ်၊ တစ်နည်းအားဖြင့် ကိုလိုနီခေတ်ကို လေ့လာရာမှာ ကိုလိုနီခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုပြီး သီးခြားခွဲလေ့လာရမှာဖြစ်တယ်။ အုပ်ချုပ်ရေးမှာ ဒိုင်အာခီမတိုင်မီ အုပ်ချုပ်ရေး၊ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေးဆိုပြီးရှိတယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ မှ ၁၉၃၇ အတွင်း အုပ်ချုပ်ခဲ့တဲ့ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်ဆိုတာကို သိထားရမယ်။ ဒီအုပ်ချုပ်ရေးဟာ သွေးခွဲအုပ်ချုပ်ရေးဖြစ်လို့ ပြည်သူတို့က မကျေနပ်တဲ့အတွက် အုပ်ချုပ်ရေးအသစ်ဖန်တီးပေးဖို့ အင်္ဂလိပ်တို့က စီစဉ်လာပြန်တယ်။ အဲဒါကြောင့် ၉၁ ဌာန အုပ်ချုပ်ရေးပေါ်လာတယ်။ ဒီ ၉၁ ဌာနအုပ်ချုပ်ရေးကို ၁၉၃၇ မှ ၁၉၄၁ အတွင်း အုပ်ချုပ်ခဲ့တယ်။ ၉၁ ဌာန အုပ်ချုပ်ရေးအတွင်းမှာပဲ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့တယ်။ စစ်အပြီးမှာ အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေး ပြန်စလာတဲ့အခါ စစ်အုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနဲ့ အမျိုးသားယာယီအစိုးရဆိုပြီး တွေ့ရမယ်။ အဲဒါတွေဟာ ဒုတိယကမ္ဘာစစ်ပြီးခေတ် အင်္ဂလိပ်တို့ရဲ့အုပ်ချုပ်ရေးဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်ကို လေ့လာပြီးတဲ့နောက်မှာ ကိုလိုနီခေတ်စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကို ဆက်လက်လေ့လာရမှာဖြစ်တယ်။

ဂျပန်ခေတ်ကိုလေ့လာရာမှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ ဂျပန်ခေတ်စီးပွားရေးဆိုပြီး လေ့လာသင့်သလို လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံအခြေအနေကို လေ့လာရာမှာ ၁၉၄၈–၁၉၅၈ ခုနှစ်ကာလ အပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်တွင်းရောင်စုံသောင်းကျန်းသူများပေါ်ပေါက်လာပုံ၊ ဖဆပလပြိုကွဲပုံတွေကို လေ့လာရမှာဖြစ်တယ်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများအပြင် ပြည်ပအန္တရာယ်ဖြစ်တဲ့ တရုတ်ဖြူ ကိုမင်တန် ကျူးကျော်မှုကိုလည်း တွေ့ရမှာဖြစ်တယ်။ ဖဆပလပြိုကွဲခြင်းကြောင့် အိမ်စောင့်အစိုးရပေါ်ပေါက်လာခြင်းဖြစ်တယ်ဆိုတာ သိရပါမယ်။

မြန်မာ့သမိုင်းတွင် ၁၉၅၈–၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့လုပ်ငန်းစဉ်ကြီးလေးရပ်၊ အိမ်စောင့်အစိုးရရဲ့အောင်မြင်မှု ဒါမှမဟုတ် ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။

မြန်မာ့သမိုင်းတွင် ၁၉၆၀–၁၉၆၂ အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရ တာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ဒီကာလအတွင်း ပြည်ထောင်စုကြီး ပြိုကွဲရမယ့်အခြေအနေနဲ့ ရင်ဆိုင်ခဲ့ရပုံတွေကို လေ့လာသင့်တယ်။ ဒီအခြေအနေဟာ တော်လှန်ရေးကောင်စီကို ပေါ်ပေါက်လာစေတယ်ဆိုတာလည်း သိထားရမယ်။

မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် ယေဘုယျအခြေအနေတွေကို ထည့်သွင်းထားတယ်။ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကိုလည်း လေ့လာသင့်တယ်။

လွတ်လပ်ပြီးခေတ် မြန်မာ့သမိုင်းမှာ ၁၉၆၂ – ၁၉၇၄ အထိ ကာလကို တော်လှန်ရေးကောင်စီအစိုးရက တာဝန်ယူအုပ်ချုပ်ခဲ့ပြီး ၁၉၇၄–၁၉၈၈ အထိ ကာလဟာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။ တော်လှန်ရေးကောင်စီခေတ်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ကာလရဲ့ ယေဘုယျအခြေအနေများဖြစ်တဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများကိုလည်း လေ့လာသိရှိဖို့ လိုအပ်တယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများ လက်ထက် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေအနေတွေကို လေ့လာရမှာဖြစ်တယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါမယ်။ ပထမဦးစွာ ပထမကမ္ဘာစစ်အကြောင်းကို လေ့လာမယ်ဆိုရင်စစ်ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေကို သိရှိဖို့လိုပါတယ်။ စစ်ဖြစ်ပွားရတဲ့အကြောင်းရင်းမှာလည်း အခြေခံအကြောင်းရင်းနဲ့ လတ်တလော အကြောင်းရင်းဟူ၍ နှစ်ပိုင်းရှိတယ်။ အခြေခံအကြောင်းရင်းတွေဟာ လေးချက်ရှိတယ်။ အဲဒါတွေက

- ကိုလိုနီအပြိုင်အဆိုင်ရှာဖွေခြင်း
- အမျိုးသားစိတ်ဓာတ်ပြင်းထန်လာခြင်း
- မဟာမိတ်စစ်အုပ်စုအပြိုင်အဆိုင်ဖွဲ့စည်းခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း

တို့ဖြစ်တယ်။ စစ်ဖြစ်ပွားရတဲ့အခြေခံအကြောင်းရင်းအပြင် လတ်တလောအကြောင်းရင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ ဒီအခြေအနေမှတစ်ဆင့် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာရတယ်။

ပထမကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုများအနေနဲ့ ပါရီငြိမ်းချမ်းရေးညီလာခံ၊ ဗာဆိုင်းစာချုပ်တွေကို လေ့လာဖို့လိုပါမယ်။ ဗာဆိုင်းစာချုပ်မှာပါတဲ့ နယ်မြေပိုင်းခြားသတ်မှတ်ရေး၊ ဂျာမနီလက်နက် လျှော့ပေါ့ရေး၊ စစ်လျော်ကြေးနဲ့အထွေထွေစီမံချက်များဟာ မဟာမိတ်တို့အလိုကျ တစ်ဖက်သတ်ချုပ်ဆိုထားတဲ့ စာချုပ်ဖြစ်တယ်။ ဒါကြောင့် ဂျာမနီ အင်အားပြန်ကောင်းလာတဲ့အခါ ဗာဆိုင်းစာချုပ်ပါအချက်များကို ချိုးဖောက်လာရာက ဥရောပနိုင်ငံရေးမှာ ပြဿနာများပေါ်ပေါက်လာပြီး ဒုတိယ ကမ္ဘာစစ်ဖြစ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့ရကြောင်းကို လေ့လာသိရှိဖို့လိုအပ်တယ်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို လေ့လာမယ်ဆိုရင် ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံနဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီးရဲ့ လူမှုရေးလုပ်ငန်းများနဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးလုပ်ငန်းများကို လေ့လာရမှာ ဖြစ်တယ်။

ကမ္ဘာ့သမိုင်းမှာ ပထမကမ္ဘာစစ်အပြီး ထူးခြားတဲ့ဖြစ်စဉ်ကတော့ ဆိုရှယ်လစ်ရုရှားနိုင်ငံ ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်ရုရှားနိုင်ငံနဲ့ပတ်သက်ပြီး လေ့လာရာမှာ ၂၀ ရာစုဦး ရုရှား နိုင်ငံအခြေအနေ၊ ၁၉၀၅ တော်လှန်ရေး၊ ၁၉၁၇ ဖေဖော်ဝါရီတော်လှန်ရေး၊ ၁၉၁၇ အောက်တိုဘာတော်လှန်ရေးဆိုပြီး သီးခြားလေ့လာရမှာဖြစ်တယ်။ ဒါ့အပြင် ဖေဖော်ဝါရီတော်လှန်ရေးဟာ ဘူဇွာတော်လှန်ရေးဖြစ်တယ်ဆိုတာ၊ အောက်တိုဘာတော်လှန်ရေးဟာ ဆိုရှယ်လစ်တော်လှန်ရေးဖြစ်တယ်ဆိုတာကိုလည်း သိထားသင့်တယ်။

ပထမကမ္ဘာစစ်အပြီးမှာ အမျိုးသားလှုပ်ရှားမှုများ ပိုမိုအားကောင်းလာတယ်။ အမျိုးသားလှုပ်ရှားမှုအပိုင်းကို လေ့လာမယ်ဆိုရင် အိန္ဒိယ၊ အရှေ့တောင်အာရှ၊ တရုတ်ဟူ၍ ဒေသအလိုက် လေ့လာသင့်တယ်။

အိန္ဒိယမှာလည်း စစ်ပါရီအရေးတော်ပုံ၊ အိန္ဒိယအမျိုးသားကွန်ဂရက်၊ တိလတ်၏ ဆွာရက်ျခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးလှုပ်ရှားမှုနဲ့ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုကို အပိုင်းလိုက်လေ့လာရမှာဖြစ်တယ်။ ဂန္ဒီရဲ့ အမျိုးသားလှုပ်ရှားမှုအပိုင်းမှာလည်း ဂန္ဒီနဲ့ကွန်ဂရက်ပါတီလှုပ်ရှားမှုနဲ့ ၁၉၂၁ နောက်ပိုင်း ဂန္ဒီ၏ဦးဆောင်မှုဟူ၍ ပိုင်းခြားပြီးလေ့လာနိုင်တယ်။

အရှေ့တောင်အာရှ အမျိုးသားလှုပ်ရှားမှုမှာလည်း နိုင်ငံအလိုက် သီးခြားခွဲပြီး လေ့လာကျက်မှတ်ရမယ်။ အရှေ့တောင်အာရှနိုင်ငံတွေရဲ့ အမျိုးသားလှုပ်ရှားမှုမှာ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အင်ဒိုချိုင်းနား၊ ဖိလစ်ပိုင်တို့ပါရှိတယ်။

တရုတ်အမျိုးသားလှုပ်ရှားမှုတွေမှာလည်း ရှေးဦးအမျိုးသားလှုပ်ရှားမှု၊ ၁၉၁၁ ဘူဇွာတော်လှန်ရေး၊ မေ ၄ အရေးတော်ပုံဆိုပြီး ပါရှိတယ်။

ပထမကမ္ဘာစစ်အပြီး ဥရောပနိုင်ငံတွေမှာ ကြီးမားတဲ့ နိုင်ငံရေး၊ စီးပွားရေးပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကိုချမှတ်ပြီး ပြဿနာများကိုဖြေရှင်းပေမယ့် မအောင်မြင်ခဲ့တဲ့အခြေအနေကိုတွေ့ရတယ်။ ဒါကြောင့်နိုင်ငံတချို့မှာ အမျိုးသားဝါဒနဲ့စစ်ဝါဒကိုအခြေခံတဲ့

*စာမျက်နှာ ၁၇ သို့*

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် – မန္တလေး မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၆**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေး ပထမနှစ် (၁၁/၂၀၂၂) သင်တန်း ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ် ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆေးနှင့်ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် နံနက်စာကို အတူတကွ သုံးဆောင်ကြသည်။

အခမ်းအနားတွင် ပထမနှစ် ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားအကများ၊ တေးသီချင်း သရုပ်ဖော်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေး၏ Bright Smile တေးဂီတအဖွဲ့မှ Unplugged ဖြင့် သီဆိုဖျော်ဖြေမှုများ၊ ပြိုင်းအလှပိုင်ရှင်ရွေးချယ်ခြင်းများ၊ King & Queen ရွေးချယ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ထောင်စုနေ့ စာစီစာကုံးပြိုင်ပွဲတွင် ဆုရသူများနှင့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့သူအား ဆုချီးမြှင့်ပြီး သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်–မန္တလေးသို့ အလှူငွေကျပ် ၁၅၀၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။(ယာပုံ)

**သတင်းစဉ်**




*စာမျက်နှာ ၁၆ မှ*

အရင်းရှင်စနစ်ရဲ့ အကြမ်းတမ်းဆုံးနဲ့အဆိုးရွားဆုံးဖြစ်တဲ့ ဖက်ဆစ်အာဏာရှင်စနစ် ပေါ်ပေါက်လာခဲ့တယ်။ ဖက်ဆစ်စနစ်ဟာ အီတလီမှာ ရှေးဦးစွာပေါ်ပေါက်လာပြီး ဂျာမနီ၊ ဂျပန်နိုင်ငံတွေမှာ ဆက်လက်ပေါ်ပေါက်ခဲ့တယ်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတဲ့အကြောင်းရင်းတွေကို လေ့လာရင် အခြေခံအကြောင်းရင်းများနဲ့ လတ်တလောအကြောင်းဟူ၍ နှစ်ပိုင်း လေ့လာဖို့လိုတယ်။ စစ်ဖြစ်ရသည့် အခြေခံအကြောင်းရင်းများကို သီးခြားခေါင်းစဉ်ခွဲများဖြင့် ဖော်ပြထားတယ်။ အဲဒီအခြေခံအကြောင်းရင်းများမှာ

- အရင်းရှင်နိုင်ငံအချင်းချင်းပဋိပက္ခဖြစ်ခြင်း
- နိုင်ငံပေါင်းချုပ်အသင်းကြီး အားနည်းလာခြင်း
- မဟာမိတ်စစ်အုပ်စုများအပြိုင်အဆိုင်ဖွဲ့စည်းလာခြင်း
- လက်နက်အပြိုင်တပ်ဆင်ခြင်း
- ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးပျက်ပြားလာခြင်း

တို့ဖြစ်တယ်။ ဖက်ဆစ်နယ်ချဲ့ကျူးကျော်မှုများမှာ မန်ချူးရီးယားအရေး၊ အီသီယိုးပီးယားအရေး၊ စပိန်ပြည်တွင်းစစ်၊ ဩစတြီးယားကို သိမ်းပိုက်ခြင်းနဲ့ ချက်ကိုစလိုဗားကီးယားကို သိမ်းပိုက်ခြင်း စသည်တို့ဖြစ်တယ်။ ဒါတွေကို တစ်ခုချင်းလေ့လာရမှာဖြစ်တယ်။ အဆိုပါကျူးကျော်မှုတွေဟာ စစ်ဖြစ်ဖို့ ဦးတည်လာခြင်းဖြစ်တယ်။ အဲဒီအခြေအနေမှာ ပိုလန်ကို ဂျာမန်တို့ကျူးကျော်လိုက်ရာမှတစ်ဆင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားရတယ်။

ဒုတိယကမ္ဘာစစ်ရဲ့ အကျိုးသက်ရောက်မှုတွေကတော့ အမေရိကန်ပြည်ထောင်စု ထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်း၊ ဆိုဗီယက်နိုင်ငံထိပ်သီးအင်အားကြီးနိုင်ငံဖြစ်လာခြင်းနဲ့ ကိုလိုနီလက်အောက်ခံနိုင်ငံများ လွတ်လပ်ရေးရရှိလာခြင်းတို့ဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းနိုင်ခဲ့ခြင်းဟာလည်း ကမ္ဘာ့သမိုင်းမှာ ထူးခြားတဲ့ဖြစ်ရပ်တစ်ခုဖြစ်တယ်။ အသင်းကြီးပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းပုံနဲ့ ဆောင်ရွက်ချက်များကို သီးခြားလေ့လာသိရှိဖို့ လိုအပ်တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဥရောပ၌ ဆိုရှယ်လစ်စနစ် ကျယ်ပြန့်လာတယ်။

ဂျာမန်လက်အောက်ခံ အရှေ့ဥရောပနိုင်ငံများတွင် နာဇီဆန့်ကျင်ရေး၊ ပြည်သူ့လွတ်မြောက်ရေး စစ်ပွဲများဆင်နွှဲရာမှာ ဆိုဗီယက်နိုင်ငံမှ အကူအညီများပေးခဲ့တယ်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အရှေ့ဥရောပနိုင်ငံတွေဟာ ဆိုဗီယက်အကူအညီနဲ့ ဆိုရှယ်လစ်အစိုးရများကို ထူထောင်ခဲ့ကြတယ်။

ဒုတိယကမ္ဘာစစ်အပြီးတွင် လွတ်မြောက်သော အရှေ့ဥရောပနိုင်ငံများအား စုစည်းကာ ဆိုဗီယက်ဦးဆောင်တဲ့ ဆိုရှယ်လစ်အုပ်စုအဖြစ် ပေါ်ပေါက်လာခြင်းဟာ ထူးခြားတဲ့ သမိုင်းဖြစ်ရပ်တစ်ခုဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှာ ပေါ်ပေါက်လာခဲ့တဲ့ စစ်အေးဟာလည်း ထူးခြားတဲ့ သမိုင်းဖြစ်စဉ်တစ်ခုဖြစ်တယ်။ စစ်အေးအကြောင်းလေ့လာတဲ့အခါ စစ်အေးရဲ့သဘောနဲ့ ပေါ်ပေါက်လာပုံတို့ကို လေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးတဲ့အခါ အမေရိကန်နိုင်ငံဟာ စစ်ဒဏ်မှကင်းလွတ်ပြီး ထိပ်သီးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်လာနိုင်ခဲ့တယ်။ စစ်ဒဏ်ကြောင့် အင်အားကျဆင်းခဲ့ရတဲ့ ဥရောပအင်အားကြီးနိုင်ငံများဖြစ်ကြတဲ့ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနိုင်ငံတို့ကို စစ်ရေး၊ စီးပွားရေး အကူအညီများပေး၍ ခေါင်းဆောင်နေရာကို ရယူခဲ့တယ်။ ဒါကြောင့် အမေရိကန်ဦးဆောင်တဲ့ အုပ်စုကို အနောက်အုပ်စု (သို့) အရင်းရှင်အုပ်စု (သို့) လက်ယာအုပ်စုလို့ခေါ်တယ်။ ဆိုဗီယက်နိုင်ငံဟာ စစ်ဒဏ်ခံခဲ့ရတဲ့ ပိုလန်၊ ချက်ကိုစလိုဗားကီးယား၊ ရူမေးနီးယား၊ ဘူလ်ဂေးရီးယား၊ ဟန်ဂေရီစတဲ့ အရှေ့ဥရောပနိုင်ငံများကို ဦးဆောင်လာပြီး ဆိုဗီယက်ဦးဆောင်တဲ့အုပ်စုကို အရှေ့အုပ်စု(သို့) ကွန်မြူနစ်အုပ်စု (သို့) လက်ဝဲအုပ်စုလို့ခေါ်တယ်။ ဒီအုပ်စုနှစ်စုဟာ နိုင်ငံရေး၊ စီးပွားရေး ခံယူချက်တူညီမှုမရှိသကဲ့သို့ အမြင်ချင်းတူညီမှုလည်း မရှိတာကို တွေ့ရတယ်။

အနောက်ဥရောပနိုင်ငံများအနေနဲ့လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ခဲ့တယ်။ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေဟာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအပြင် စစ်ရေးအရလည်း ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းလာကြတယ်။ ထင်ရှားတဲ့သာဓကတွေကတော့ –

၁. မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO)
၂. အန်ဇတ် (ANZUS)
၃. အရှေ့တောင်အာရှစာချုပ်အဖွဲ့ (SEATO)
၄. ဗဟိုစာချုပ်အဖွဲ့ ( CENTO)

များဖွဲ့စည်းခြင်းဖြစ်တယ်။

ဆိုဗီယက်နိုင်ငံကလည်း အရှေ့ဥရောပနိုင်ငံများမှာ ဆိုဗီယက်နိုင်ငံကဲ့သို့သော ကွန်မြူနစ်စနစ်အခြေခံသော စီးပွားရေးစီမံကိန်းများ ချမှတ်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဝါဆော (Warsaw) စစ်စာချုပ်အဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီလိုနဲ့ ဆိုဗီယက်ဦးဆောင်တဲ့ အရှေ့အုပ်စုနဲ့ အမေရိကန်ဦးဆောင်တဲ့ အနောက်အုပ်စုတို့ဟာ စစ်အုပ်စုများအပြိုင်အဆိုင် ဖွဲ့စည်းပြီးနောက် မဟာဗျူဟာလက်နက်များ အပြိုင်အဆိုင် တပ်ဆင်လာကြတယ်။

စစ်အေးကာလမှာ နိုင်ငံတကာအရေးအခင်းများလည်း ပေါ်ပေါက်လာတယ်။ ထင်ရှားတဲ့ နိုင်ငံတကာအရေးအခင်းတွေကတော့

၁. ဂျာမန်ပြဿနာ၊ ဘာလင်ပိတ်ဆို့မှု
၂. ကိုရီးယားစစ်
၃. စူးအက်အရေးအခင်း
၄. ကျူးဘားဒုံးပျံအရေးအခင်း

တို့ဖြစ်တယ်။ နိုင်ငံတကာအရေးအခင်းတွေ ဘယ်လိုပေါ်ပေါက်လာပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ခြိမ်းခြောက်ခဲ့ပုံကို လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းတွင် ဆိုရှယ်လစ်ရုရှားနိုင်ငံ အပြောင်းအလဲဖြစ်ခြင်း၊ ဆိုရှယ်လစ်အုပ်စုပြိုကွဲခြင်းနှင့် စစ်အေးကာလ ပြီးဆုံးခြင်းခေါင်းစဉ်တွေကလည်း နိုင်ငံတကာရေးရာမှာ ထူးခြားတဲ့ ခေါင်းစဉ်များဖြစ်တဲ့အတွက် လေ့လာသင့်တယ်။

ကမ္ဘာ့သမိုင်းသင်ရိုးတွင် အာရှနိုင်ငံတစ်ခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြောင်းကိုလည်း လေ့လာရမှာဖြစ်တယ်။ အလားတူ အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဂျပန်နိုင်ငံကိုလည်း လေ့လာသင့်တယ်။ ၁၉၄၅ မှ ၁၉၅၂ အထိ အသိမ်းပိုက်ခံကာလအနေအထားနဲ့ ခေတ်ပြိုင်ဂျပန်နိုင်ငံ အနေအထားတွေကို သိရှိရမှာဖြစ်တယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ အရှေ့တောင်အာရှဒေသကိုလည်း လေ့လာသင့်တယ်။ အရှေ့တောင်အာရှဒေသမှာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ နိုင်ငံသစ်များ ပေါ်ပေါက်လာခြင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှုများကို လေ့လာသိရှိရမှာဖြစ်တယ်။ အရှေ့တောင်အာရှသမိုင်းကိုလေ့လာရာမှာ အာဆီယံ (အရှေ့တောင်အာရှနိုင်ငံများအသင်း) ဟာ အရေးပါတဲ့အတွက် လေ့လာသင့်တယ်။

ဆက်လက်ပြီး မြန်မာနိုင်ငံ၏ ဘက်မလိုက်လှုပ်ရှားမှု၊ မြန်မာနိုင်ငံနှင့် ဘင်းမ်စတက်အဖွဲ့၊ မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း လေ့လာသိရှိဖို့လိုအပ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲ၊ သမိုင်းဘာသာရပ်ရဲ့ မေးခွန်းဟာ အပိုင်း (က)၊ အပိုင်း (ခ)၊ အပိုင်း (ဂ)၊ အပိုင်း (ဃ) ဟူ၍ အပိုင်းလေးပိုင်း ပါဝင်မှာဖြစ်တယ်။ မေးခွန်းအပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမှာဖြစ်တယ်။

မေးခွန်း အပိုင်း (က) မှာ နံပါတ် ၁။ (က)၊ ၁။ (ခ)၊ ဆိုပြီး ပါရှိမှာဖြစ်တယ်။ နံပါတ် ၁။ (က) မေးခွန်းက အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ ဟူ၍ဖြစ်တယ်။ မြန်မာ့သမိုင်းမှ ငါးပုဒ်၊ ကမ္ဘာ့သမိုင်းမှ ငါးပုဒ်၊ စုစုပေါင်း ၁၀ ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ တစ်မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၁၀ မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (က) ၏ နံပါတ် ၁။ (ခ) မေးခွန်းမှာ အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသောအဖြေ (က)၊ (ခ)၊ (ဂ) တို့အနက်မှ အဖြေမှန်တစ်ခုကို အဖြေစာအုပ်တွင် ရေးပါဟူ၍ဖြစ်တယ်။ မှန်တဲ့အဖြေကို အဖြေစာအုပ်မှာ ရေးရမှာဖြစ်တယ်။ မြန်မာ့သမိုင်းမှ ငါးပုဒ်၊ ကမ္ဘာ့သမိုင်းမှ ငါးပုဒ်၊ စုစုပေါင်း ၁၀ ပုဒ်ပါရှိမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်ဟာ တစ်မှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၁၀ မှတ် ဖြစ်တယ်။

မေးခွန်းအပိုင်း (က) တစ်ခုလုံးဟာ ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်တဲ့အတွက် ယခုပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားတဲ့ သင်ရိုးတစ်ခုလုံးကို လွှမ်းခြုံအောင်မေးထားတာဖြစ်တယ်။ ကျောင်းသူ ကျောင်းသားများရဲ့ဘာသာရပ်ပိုင်နိုင်မှုကို ဆန်းစစ်ထားတဲ့ မေးခွန်းများဖြစ်တယ်။

မေးခွန်းအပိုင်း (ခ) မှာ မှတ်စုတိုမေးခွန်းဖြစ်ပြီး မြန်မာ့သမိုင်းမှတ်စုတိုလေးပုဒ်နဲ့ ကမ္ဘာ့သမိုင်း မှတ်စုတိုလေးပုဒ်တို့ပါရှိမှာ ဖြစ်တယ်။ ယင်းတို့အနက်မှ ကြိုက်နှစ်သက်ရာ မှတ်စုတို လေးပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ မှတ်စုတိုတစ်ပုဒ်ရမှတ်မှာ ငါးမှတ်ဖြစ်ပြီး စုစုပေါင်းရမှတ်မှာ ၂၀ မှတ်ဖြစ်တယ်။

မေးခွန်းအပိုင်း (ဂ) မှာ မြန်မာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်းလေးပုဒ်ပါရှိမှာ ဖြစ်တယ်။ ယင်းလေးပုဒ်အနက်မှ ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ ရမှတ်မှာ ၁၅ မှတ်ဖြစ်ပြီး နှစ်ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ ၃၀ မှတ်ဖြစ်တယ်။

မေးခွန်းအပိုင်း (ဃ) မှာ ကမ္ဘာ့သမိုင်း မေးခွန်းများဖြစ်ပြီး စုစုပေါင်းလေးပုဒ်ပါရှိမှာဖြစ်တယ်။ ယင်းလေးပုဒ်အနက်မှ ကြိုက်နှစ်သက်ရာနှစ်ပုဒ်ကို ဖြေဆိုရမှာဖြစ်တယ်။ တစ်ပုဒ်ရဲ့ရမှတ်မှာ ၁၅ မှတ်ဖြစ်ပြီး နှစ်ပုဒ်အတွက် စုစုပေါင်းရမှတ်မှာ ၃၀ မှတ် ဖြစ်တယ်။ မေးခွန်းအပိုင်း (ဂ) နဲ့ အပိုင်း (ဃ) ဟာ သမိုင်းကြောင်း အချက်အလက်များ၊ သမိုင်းစဉ်ဆက်စပ်မှုများကို မေးထားတဲ့ မေးခွန်းများဖြစ်တယ်။

ကျောင်းသူကျောင်းသားများကို မှာချင်တာကတော့–

၁။ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာအချက်အလက်များနဲ့ သမိုင်းစဉ်ဆက်စပ်မှုကို အထူးသတိထားပြီးလေ့လာရန်။
၂။ မေးခွန်းကိုသေသေချာချာဖတ်ပြီး မေးခွန်းနဲ့သက်ဆိုင်ရာကိုသာ ရေးဖြေရန်လိုကြောင်း တင်ပြရင်းပို့ချချက်ကို ရပ်နားလိုက်ပါတယ်။

# မြန်မာနိုင်ငံထွက် မက်ကဒေးမီးယား ပြည်ပဈေးကွက်တင်ပို့ရန် လန်ချန်း - မဲခေါင်စီမံကိန်းကူညီ

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်း ပြင်ဦးလွင်မြို့၌ လန်ချန်း-မဲခေါင်အထူးရန်ပုံငွေ စီမံကိန်းလှုပ်ရှားမှုဖြစ်သည့် "မြန်မာနိုင်ငံ မက်ကဒေးမီးယားအစေ့အရောင်းပြပွဲ" ကို ဖေဖော်ဝါရီ ၇ ရက်က မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့သည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခဲ့ပြီး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ) ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေယျာထွန်း၊ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်တို့ တက်ရောက်ကာ အမှာစကားပြောကြားခဲ့ကြသည်။

တရုတ်သံရုံး၏ သဝဏ်လွှာ၌ မြန်မာနိုင်ငံ မက်ကဒေးမီးယားအစေ့ အရောင်းပြပွဲ သည် လန်ချန်း-မဲခေါင် အထူးရန်ပုံငွေ စီမံကိန်းဖြစ်သည့် "လန်ချန်း-မဲခေါင်ဒေသ အသေးစား တောင်သူ မက်ကဒေးမီးယားအစေ့ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု" စီမံကိန်း အဓိက အကြောင်းအရာဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် အသေးစား တောင်သူများထံ အရည်အသွေးမြင့် ပျိုးပင်များထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးစံပြဇုန်တည်ဆောက်ခြင်း၊ စိုက်ပျိုး နည်းပညာ လေ့ကျင့်မှုပေးခြင်းစသည်တို့ဖြင့် မြန်မာနိုင်ငံ၏ မက်ကဒေးမီးယား အစေ့ထုတ်လုပ်မှုနှင့် ဈေးကွက်တွင် ရောင်းချသည့်စွမ်းရည်ကို ဘက်စုံကူညီမြှင့်တင်ပေးကာ မြန်မာနိုင်ငံမှ လန်ချန်း-မဲခေါင်ဒေသတစ်ခုလုံး၏ စိုက်ပျိုးရေး လုပ်ငန်းတွင်ကျယ်မှု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု၊ တောင်သူများ ဝင်ငွေတိုးပွားစေမှုအတွက် အကျိုးထမ်းဆောင်ပေးကြောင်း၊ ယခုအကြိမ် အရောင်းပြပွဲသည် မြန်မာနိုင်ငံ မက်ကဒေးမီးယားအစေ့ကို နိုင်ငံတကာဈေးကွက်သို့ တစ်ဆင့်တိုးဝင်ရောက်ရန် ထိရောက်စွာ ကူညီပေးမည်ဟု ယုံကြည်ကြောင်း၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ်သည် တစ်ကမ္ဘာလုံးဆိုင်ရာ မက်ကဒေးမီးယားအစေ့ လုပ်ငန်းစင်တာ တည်ဆောက်လျက်ရှိကြောင်း ထည့်သွင်းဖော်ပြထားသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ မက်ကဒေးမီးယားအစေ့၏ အရေးပါဈေးကွက်ဖြစ်ရုံသာမက မြန်မာနိုင်ငံ အခွံမာသီးလုပ်ငန်း၏ နက်ရှိုင်းစွာပါဝင်သူနှင့် ပူးပေါင်းဆောင်ရွက်သူလည်း ဖြစ်နိုင်ကြောင်း၊ တရုတ်သံရုံးက မြန်မာနိုင်ငံသည် ယူနန်ပြည်နယ်နှင့်အတူ မက်ကဒေးမီးယားအစေ့ လုပ်ငန်းနှင့် စပ်လျဉ်း၍ ဘက်စုံနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း သိရှိရသည်။




အရောင်းပြပွဲတွင် ပြသထားသော မက်ကဒေးမီးယားအစေ့များ။

မြန်မာနိုင်ငံသည် ၁၉၈၂ ခုနှစ်မှစ၍ မက်ကဒေးမီးယားအစေ့ကို စိုက်ပျိုးခဲ့ပြီး အဆိုပါ လန်ချန်း-မဲခေါင်စီမံကိန်း အကောင်အထည် ဖော်ဆောင်ခြင်းသည် မြန်မာနိုင်ငံ၏ အထွက်နှုန်း၊ အရည်အသွေးနှင့် တင်ပို့နိုင်မှု စွမ်းရည်မြှင့်တင်ခြင်းအတွက် ထိရောက်စွာကူညီပေးပြီး ထိုမှတစ်ဆင့် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် ကျေးရွာတည်ဆောက်ရေးနှင့် တောင်သူများ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးလုပ်ငန်းကို ဖော်ဆောင်ပေးကာ မြန်မာနိုင်ငံမှသည် လန်ချန်း-မဲခေါင်ဒေသ၏ စည်ပင်သာယာမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးမည်ဖြစ်သည်။

**ကိုရိုး**

# ယူနန်နှင့် မြန်မာအကြား စီးပွားရေး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ယူနန်-မြန်မာအကြား စီးပွားရေးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရန် Platform ကို တည်ဆောက်ပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကို ချိတ်ဆက်ဆောင်ရွက်လိုကြောင်း ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Dr. Li Chenyang က ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပသည့် ယူနန်-မြန်မာစီးပွားရေး ချိတ်ဆက်မှုဆိုင်ရာ ဆွေးနွေးပွဲအတွင်း ပြောကြားသည်။



အခမ်းအနား၌ ယူနန်စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် လယ်ယာလုပ်ငန်းများ၊ အိုင်တီနှင့် ဆက်စပ်လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးသိုလှောင်ရုံ စီမံကိန်းများ၊ သတင်းအချက်အလက်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်၊ အခြေခံအဆောက်အဦ၊ ငွေပေးချေမှုနည်းပညာများ၊ စီမံကိန်းများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယူနန်ပြည်နယ် စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာလုပ်ငန်းရှင်များ အများအပြား တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး (ရန်ကုန်) မှ စီးပွားရေးသံမှူး Mr. Tan Shufu က ယူနန်နှင့် မြန်မာအကြား နယ်စပ်ကုန်သွယ်ရေး၊ လျှပ်စစ်နှင့် အခြေခံအဆောက်အဦ လုပ်ငန်းများသည် အလားအလာရှိသော လုပ်ငန်းများဖြစ်ကြောင်း၊ နှစ်ဖက်အဆက်အသွယ်များရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကြီးမားသော အရေးပါသည့် ဈေးကွက်ကြီးဖြစ်သည့်အတွက် GACC စနစ်တွင် အလားအလာရှိသော မြန်မာနိုင်ငံထွက် ထုတ်ကုန်ပစ္စည်းများ မှတ်ပုံတင်ရေးလုပ်ငန်းစဉ်များ လွယ်ကူမြန်ဆန်ရန်လိုအပ်ပြီး လယ်ယာကဏ္ဍသွင်းအားစုများဖြစ်သည့် မျိုးကောင်းမျိုးသန့်၊ နည်းပညာ၊ မြေသြဇာ စသည်များကို အဆင်ပြေသက်သာစွာဖြင့် ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းပေးရန်နှင့် မြန်မာနိုင်ငံမှ မွေးမြူရေးနှင့် ရေလုပ်ငန်းထုတ်ကုန်များကိုလည်း ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များအဖြစ် တင်ပို့ရောင်းချနိုင်ရေး ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အစိုးရနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ပံ့ပိုးဆောင်ရွက်ပေးစေလိုကြောင်း ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက ပြောသည်။

**သီရိ**

# ကုန်သည်စက်မှုအသင်းချုပ်နှင့် ထိုင်းကုန်သည်ကြီးများအသင်းတို့ကြား ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ကုန်သည်စက်မှုအသင်းချုပ်နှင့် ထိုင်းနိုင်ငံ The Thai Chamber of Commerce and Board of Trade of Thailand (TCC) မှ တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ဆုံ၍ စီးပွားရေး၊ ကုန်သွယ်မှုမြှင့်မားတိုးတက်စေရေးအစရှိသည်တို့ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌဦးအေးဝင်းနှင့် ထိုင်းနိုင်ငံ (TCC) မှ ဥက္ကဋ္ဌ Mr.Sanan Angubolkul ဦးဆောင်သည့် နှစ်ဖက်တာဝန်ရှိသူများ တွေ့ဆုံပွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Bunjerd Chonvijarn Building, The Board of Trade of Thailand ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် ထိုင်း-မြန်မာ ချစ်ကြည်ရင်းနှီးမှုခိုင်မာရေး၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ရန်တို့အပြင် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးတွင် ဘတ်-ကျပ် ငွေပေးချေမှုစနစ်ကောင်းမွန်စွာ စီးဆင်းနိုင်ရေးတို့အတွက်လည်း ဆွေးနွေးခဲ့ကြသည်။

UMFCCI နှင့် UTCC တို့ ဆယ်စုနှစ်တစ်ခုအတွင်း Global MBA Offshore Program ပူးပေါင်းဆောင်ရွက်မှုသည် UMFCCI – UTCC တို့အတွက် အောင်မြင်မှုတစ်ခုဖြစ်သည့်အပြင် မှတ်တိုင်တစ်ရပ်ဖြစ်ပြီး ရှေ့ဆက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကိုလည်း အပြန်အလှန်ဆွေးနွေးခဲ့သည်။

အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက "ကျွန်တော်တို့အသင်းချုပ်နဲ့ TCC အကြား အပြန်အလှန်ပူးပေါင်းပြီး အနာဂတ်အတွက် အစီအစဉ်တွေကို ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်နိုင်ဖို့ ယုံကြည်မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ပြီး Mr.Sanan Angubolkul ကလည်း ယခုလို ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ပြီး အပြန်အလှန်ညှိနှိုင်းဆောင်ရွက်နိုင်ရန် အမြဲတမ်းအသင့်ရှိနေပါကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

**သီရိ**

## တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်

ယခုသီတင်းပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဈေးကွက်၌ ပြည်ပပို့ပဲမျိုးစုံ ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ပြည်ပမှ တန်ချိန်သောင်းချီ၍ စားအုန်းဆီဝင်ရောက်လာပြီးနောက် ဖေဖော်ဝါရီ ၁၄ ရက် ရန်ကုန်၌ မွန်းလွဲပိုင်း ဈေးနှုန်းများမဖွင့်ဟု သိရသည်။ အလှယ်လက်ငင်းဈေး တစ်ပိဿာ ကျပ် ၆၈၀၀ နှုန်းရှိခဲ့သည်။

**ဆန်**

ဖေဖော်ဝါရီ ၁၅ ရက် ရန်ကုန်ဆန်ဈေးကွက်တွင် ၂၅ မှတ်ဧည့်မထဆန် တစ်အိတ် ကျပ် ၅၃၀၀၀၊ သီးထပ်ဆန်ကြမ်းအသစ် တစ်အိတ် ကျပ် ၅၅၀၀၀၊ ရက် ၉၀ ဆန်ကြမ်း အသစ်တစ်အိတ် ကျပ် ၆၁၀၀၀၊ ပေါ်ကျွဲအသစ် ကျပ် ၆၁၀၀၀၊ ခွံနီတစ်အိတ် ကျပ် ၆၄၀၀၀ နှုန်းရှိသည်။ ပေါ်ဆန်းဆန်အသစ် တစ်အိတ်ဈေးနှုန်းမှာ ရွှေဘိုကျပ် ၈၀၀၀၀-၈၇၀၀၀၊ ပုသိမ်/မြောင်းမြ ကျပ် ၇၄၀၀၀-၇၆၀၀၀၊ ဖျာပုံ ကျပ် ၇၀၀၀၀-၇၃၀၀၀၊ ရွှေဘိုအဟောင်း ကျပ် ၁၀၀၀၀၀-၁၇၀၀၀၀၊ မြောင်းမြအဟောင်း ကျပ် ၇၉၀၀၀ – ၈၅၀၀၀ နှုန်းရှိသည်။

**စားအုန်းဆီ**

ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ အခြေခံလက်ကား ရည်ညွှန်းစားအုန်းဆီ တစ်ပိဿာဈေးနှုန်းမှာ ယခင်အပတ်ထက် တစ်ပိဿာ ၁၀ ကျပ်သာ ဈေးတက်ပြီး ကျပ် ၄၄၉၀ နှုန်းသာရှိသည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ပဈေးတစ်တန်လျှင် ၉၅၅ ဒေါ်လာနှုန်းသို့ ထပ်မံဈေးကျသည်။ ယခုအပတ်အတွင်း ပြည်ပဆီ တန်ချိန် နှစ်သောင်းကျော်ဝင်ရောက်နေသော်လည်း စားအုန်းဆီဈေးနှုန်းမှာ အလှယ်လက်ကားပီပါဈေး တစ်ပိဿာ ကျပ် ၆၅၅၀ နှုန်းသာရှိသည်ကို ဖေဖော်ဝါရီ ၁၃ ရက်က တွေ့ရသည်။ ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းတွင် ကျပ် ၆၈၀၀ နှုန်း ဈေးဖွင့်လာကြပြီး ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းတွင် တစ်ပိဿာ ကျပ် ၇၀၀၀ နှုန်းအထိ ဈေးမြင့်တက်လာသည်။

**ပဲအမျိုးမျိုး**

ပဲဈေးနှုန်းများ အတက်ကြမ်းနေသည်ကို တွေ့ရသည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပဲတီစိမ်းအတက်ရပ်ပြီး ဈေးအနည်းငယ်ပြန်ကျသည်။ ဖေဖော်ဝါရီ ၁၃ ရက်တွင် ပဲတီစိမ်းခရမ်းရွှေဝါ (ထိပ်စ) တစ်ပိဿာ ကျပ် ၃၉၁၅-၄၀၃၅ နှုန်းရှိရာမှ ဖေဖော်ဝါရီ ၁၄ ရက်တွင်မူ ကျပ် ၃၉၁၅-၄၀၀၀ နှုန်းသာရှိသည်။ ယင်းနေ့တွင် မတ်ပဲ (RC) တစ်တန် ကျပ် ၁၈၈၃၀၀၀၊ (SQ/RC) တစ်တန် ကျပ် ၂၁၈၀၀၀၀၊ ပဲစင်းငုံနီ (Red/RC) တစ်တန် ကျပ် ၂၁၀၀၀၀၀ နှုန်းရှိပြီး ကုလားပဲခြမ်းတစ်ပိဿာ ကျပ် ၄၀၀၀-၄၃၅၀ နှုန်းသာ ရှိသည်။

**ကြက်သွန်နီ**

ဖေဖော်ဝါရီ ၁၅ ရက် ရန်ကုန်ဈေးကွက်သို့ နယ်စုံမှ ကြက်သွန်နီပိဿာချိန် တစ်သိန်းရှစ်သောင်း ဝင်ရောက်လာသည်။ ယင်းနေ့တွင် လက်ကားကြက်သွန်နီ တစ်ပိဿာဈေးနှုန်းများမှာ ဆိပ်ဖြူ ကျပ် ၁၀၀၀-၁၂၀၀၊ မုံရွာ ကျပ် ၈၀၀-၉၅၀၊ မြစ်သား ကျပ် ၁၃၀၀-၁၆၀၀ နှုန်း အသီးသီးရှိသည်။

**အောင်ခင်နိုင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၇-၂-၂၀၂၃ သောကြာနေ့

**MRTV HD**

- **၀၆:၀၀** ပင်းကွန်းဆရာတော်ဘုရားကြီးဓါပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** စိန်ရတုခရီးမှသည် မြန်မာ-ရုရှား ပူးပေါင်းဆောင်ရွက်မှု ရှေ့သို့ရှိ
- **၀၉:၁၀** ဥရောပရဲ့ စေတုတ္ထအကြီးဆုံးမြို့ စိန့်ပီတာစဘတ်မြို့
- **၀၉:၃၅** Soccer View
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** လုမ်းဆင့်ကြိုနေ...လေိုက်ဆင်စခန်း နယ်မြေ
- **၁၁:၃၅** ကလောင်စွမ်းဖြင့် ဉာဏ်အလင်းတံခါး ဖွင့်ပေးကြသူများ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ခါးခါး အချစ်ချိုချို' (အပိုင်း-၄၅)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၅)
- **၁၅:၂၅** လူငယ်ရေးရာအစီအစဉ်
- **၁၆:၃၅** မျိုးဝက်တင့်စေ ဆိုကရေးတီးအမွေ
- **၁၇:၁၅** ASEAN Information Exchange Initiative Program 2022 (Part-14)
- **၁၇:၃၀** Weekly Sports Info
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ယဉ်ကျေးမှုမြို့တော်...မော်စကို
- **၁၈:၄၅** သုတဝေဖြာ သိရိဂေဟာ
- **၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ခါးခါးအချစ်ချိုချို' (အပိုင်း-၄၆)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** "ချစ်သူ့ဆွဲအား" တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်

**mitv**

- **07:01** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- **07:09** Art Designer Nay Chi Win Lai Yee
- **07:31** 7th Eastern Economic Forum - 2022
- **07:37** From Bamboo Strip to Sublime Buddha
- **08:01** News
- **08:28** Celebrate Diamond Jubilee of Myanmar-Russia Cooperation & Move Forward
- **08:40** Ecotourism: Naga Traditional Customs
- **09:01** Listening Pleasure, Instrumental Music (Don Min) Special Show
- **09:12** Exclusive Interview with H.E. Ambassador of Russia (H.E. Dr. Nikolay Listopadov)
- **09:36** Inle Traditional Dance
- **09:43** Myanma Agarwood
- **10:01** News

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
အသားအရေလှပစေရန်လုပ်ဆောင်သင့်သည့် အရာများ

**ချင်း (ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းရိုးရာဆေးအိုးဆေးတံအကြောင်း

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ငါးရံ့သရက်သီးချက်

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
မောတို့ဌာနေမြို့ညောင်ရွှေနှင့်အင်းလေးအလှ

**ဝ (၁၄:၀၀ မှ ၁၆:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
ငါးပေါင်းချက်ကြမယ်

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
တောင်တန်းမြေမှပွင့်သောပန်း

**ဝကေကရင် (၂၀:၀၀ မှ ၂၁:၀၀)**
မိသားစုဝင်ငွေတိုးစေဖို့ ငါးခူမွေးကြစို့

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၂၂ :၀၀ မှ ၂၃:၀၀)**
အိမ်နောက်ဖေးတွင် ဈေးဆိုင်တည်ခြင်း

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** ယဉ်ကျေးမှုမြို့တော်မော်စကို
- **၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၀၉:၁၅** ရသစုံစွာ ဤမြေကမ္ဘာ
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အလည်လွန် အလွယ်လုပ် အလွဲဖြစ်'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (တောင်အာဖရိကနိုင်ငံ) (အပိုင်း-၁)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၄၅** ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေး တောင်သူများနှင့်ဆွေးနွေးပေး
- **၀၇:၀၀** ကျေးလက်တွန်ရက်
- **၀၇:၃၀** သတိပြုစရာကျွဲ၊ နွား အရေပြားအကျိတ်နာရောဂါ
- **၀၈:၄၅** သုတေသနမှသည် ပဲမျိုးစုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆီသို့လက်တွဲပူးပေါင်းချီတက်ကြပါစို့
- **၀၉:၁၀** သဘာဝဝန်းကျင်မပျက်စိုက်ပျိုးရေး

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၌ လူငယ်စကားဝိုင်းကျင်းပ




**စစ်တွေ ဖေဖော်ဝါရီ ၁၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)တို့ပူးပေါင်း၍ "လူငယ်နှင့် ဆိုရှယ်မီဒီယာ၏ အကျိုးအပြစ်" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲပိုင်းက ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

ဦးစွာ ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဇော်ထွန်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) သုတသိပ္ပံမဟာဌာနမှ တွဲဖက်ပါမောက္ခ ဌာနမှူး ဦးသောင်းမြင့်ထွန်းနှင့် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ခင်ယုယုနွယ်တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ပြီး ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)မှ ပထမနှစ်ကျောင်းသား မောင်ကောင်းမြတ်သူ၊ စတုတ္ထနှစ်ကျောင်းသား မောင်ဆလိုင်းမျိုးချစ်ထွန်း၊ ပထမနှစ်ကျောင်းသူ မနီလာသော်နှင့် ပထမနှစ်ကျောင်းသူ မခိုင်နှင်းဝေတို့က "လူငယ်နှင့်ဆိုရှယ်မီဒီယာ၏ အကျိုးအပြစ်" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပြောကြားချက်များ အပေါ်တွင် တက်ရောက်လာကြသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက မေးမြန်း ဆွေးနွေးဖြေကြားကြပြီး လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၂ - ၂၀၂၃

**ရွှေ**

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၁၈၆၉၀၀ |
ယာဉ်အမှတ် 55W/99787 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဘိုအောင်ဆန်းဝင်း ၉/ပသက(နိုင်)၁၀၅၁၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 50W/62533 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Princess Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 52W/53223 Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ Sein Sabai Phyu Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 18W/75131 Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ ဦးရန်နိုင်ဦး ၉/မနတ(နိုင်)၀၉၇၇၃၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၇၀ရပ်ကွက်၊ အောင်ချမ်းသာ(၂)လမ်း၊ အမှတ် ၅၄၁(က)၊ အကျယ်အဝန်းပေ (၂၀x၆၀)၊ ဧရိယာစတုရန်းပေ(၁၂၀၀)၊ ဒေါ်စန်းရွှေ အမည်ပေါက် ပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ်(ရေ၊ မီးအပါအဝင် မြေပေါ်၊ မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်)အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိနေထိုင်လျက်ရှိသော ဒေါ်သန်းရီ ၁၂/သကတ(နိုင်)၁၀၃၅၂၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းခမ်းလောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၀၇၃)**
**၅၄ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁၃၀၇)၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၄၅၆၁၃၃၄၄၆**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၁)၊ ဦးပိုင်အမှတ်(၁၂)၊ ၄၇ လမ်း၊ ခိုင်ရွှေဝါနှင့်မနော်ဟရီလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးကြည်နိုင် ၁၂/ပဇတ(နိုင်)၀၁၅၀၉၃ ၏ (SP ရသူ ဒေါ်ကျိန်းကွတ်တီး)ထံမှ အရောင်းအဝယ်စာချုပ် အမှတ်(၁၇၇/၂၀၂၁) အရ ပိုင်ဆိုင်သူ ဒေါ်ရှောက်အယ်(ခ) ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်)၀၆၃၅၅၈ က တောဂရန်စာချုပ် ၂၄၀၀ဝိ/-နှင့် ၂၀၀ဝိ/-ကျပ်တန် ငွေသွင်းပြေစာမူရင်းများ အသိမ်းလွန်၍ ပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သက်တမ်းတိုး၊ တောမှမြို့ပြောင်း၊ အမည်ပြောင်းရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ်(၇၄)၊ ၁၈x၁၉လမ်း၊ ၆၂x၆၃ လမ်းကြားရှိ ဦးဟာနန်ဆင် အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား (အဘိုး) ဦးဟာနန်ဆင်၊ (အဘွား)ဒေါ်မြကြည်၊ (ဖခင်)ဦးတင်မောင်လတ်၊ (မိခင်) ဒေါ်ထိပ်တင်လှိုင်တို့ အသီးသီး ကွယ်လွန်၍ ကျန်ရစ်သူ (မြေး၊ သား၊ သမီး)တို့ဖြစ်သော ဒေါ်သန္တာလှိုင် ၉/မရမ(နိုင်)၀၃၃၂၁၁၊ ဒေါ်သီတာလှိုင် ၉/မရမ(နိုင်)၀၃၃၁၉၂၊ ဒေါ်စန္ဒာလှိုင် ၉/မရမ(နိုင်)၀၃၃၁၉၁၊ ဒေါ်သူဇာလတ် ၉/မထလ(နိုင်)၂၀၀၆၀၃တို့က အခလွတ်ဂရန်စာချုပ်မူရင်းမှာ အသိမ်းလွန်ပြီး ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၈)၊ ဦးပိုင်အမှတ်(၆၅)၊ ၆၉ x ၇၀ လမ်း၊ ၁၁၄x ၁၁၅ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကံမြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၄၂၅၁/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်လှဘူး ၉/မရတ(နိုင်)၀၈၂၃၈၀ ၏ (SPရသူ ဦးဇော်ဝင်းထွန်း)က အမည်ပြောင်းမည့်သူ ဒေါ်လှဘူး၏မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ငှားရမ်း၍မရကြောင်းတင်ပြစာ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ်(၅၇၈၃/၂၀၂၂-၂၀၂၃)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၁)၊ ဦးပိုင်အမှတ်(၁၃၇-ခ)၊ ၃၇ လမ်း နှင့် ၃၈ လမ်းကြား၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်ကြပ်ခင်မောင်တင့် ၉/မနမ(နိုင်)၀၉၆၄၄၃ (EMDY-၂၆၄၉၃၄) ၏ (SP ရသူ SHWE SIN) က ဦးပိုင်ခွဲမိန့်၊ အမည်ပေါက်သူ၏ မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားတို့မှာ ငှားရမ်း၍မရကြောင်း တင်ပြ၍ ဂရန်သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်အမှတ်(၇)၊ ၅၇x၅၈လမ်းကြား၊ မြတ်လေးနှင့် ပိတောက်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်သန်း ၉/မရမ(နိုင်)၀၆၈၇၈၄ ၏ (GP ရသူ ဦးဝင်းကိုကိုဦး) က တောဂရန်စာချုပ်၊ (မြေချထားမိန့်၊ ငွေသွင်းပြေစာ)မူရင်းများ ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်သက်တမ်းတိုး၊ တောမှမြို့ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓခ-၁၃)၊ ဦးပိုင်အမှတ်(၄၃)ခဲစင်း၊ ၆၀(A)x ၆၀ (B)လမ်း၊ ၁၃၁x၁၃၂ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စောလှိုင် ၅/မမတ(နိုင်)၀၀၃၅၆၀ (GPရသူ ဦးဇော်ဝင်းထူး) က တောဂရန်စာချုပ်၊ ဂရန်သက်တမ်းကြိုတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခဲ့သော်လည်း သက်တမ်းတိုးယူခြင်းမရှိဘဲ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးကြောင်းတို့ တင်ပြ၍ ဂရန်သက်တမ်းတိုး၊ တောမှမြို့ပြောင်း၊ ဦးပိုင်ခွဲ၍ ဂရန်နှစ်ချပ်ထုတ်ယူရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သမီးနှင့် မြေး အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ တိုက်အမှတ်(၃၃၀)၊ အခန်း(၂၁)နေ ကျွန်တော်၏သမီးဖြစ်သူ မဖြူဖြူသန်း ၅/မရန(နိုင်)၀၂၃၇၁၃ နှင့် မြေးဖြစ်သူ မောင်ညီညီဇော် ၁၂/ရကန(နိုင်)၀၈၅၈၇၀ တို့သည် မိဘ၊ မောင်နှမများ ဆိုဆုံးမမှုကို မလိုက်နာဘဲ ရိုင်းပျသော အပြုအမူတို့ကို လုပ်ဆောင်သွားပါသဖြင့် သမီးအဖြစ်နှင့် မြေးအဖြစ်တို့မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့၏ကိစ္စအဝဝနှင့် ပတ်သက်၍ တာဝန်မယူတော့ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးသန်းညွန့် ၅/မရန(နိုင်)၀၂၃၇၀၉**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၂၆)၊ ၄၆x၄၇ လမ်းကြား၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်စိုးလွင် ၈/မကန(နိုင်)၀၆၁၁၀၇ ၏ (SP ရသူ ဦးအောင်သန်းစိုး)က ဂရန်စာချုပ် အမည်ပေါက်သူ၏ မှတ်ပုံတင်၊ အိမ်ထောင်စုဇယားတို့ ငှားရမ်း၍မရကြောင်း တင်ပြ၍ ဂရန်သက်တမ်းတိုးရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့၊ အထက Grade-10မှ မအဥ္ဇလီချမ်းမြေ့၏ ဖခင် ဦးမောင်မောင်သန်း၏ အမည်မှန်မှာ ဦးမောင်မောင်သန်းထွန်း ၅/မလန(နိုင်)ဝ၂၂၆၇၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/75544, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဆန်းမြင့်ဦး ၈/စလန(နိုင်)ဝ၈၃၅၇၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/85328, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလွင် ၁၄/ပသန(နိုင်)၁၆၂၆ဝ၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၁/ပဒေသာရပ်)၊ ဦးပိုင်အမှတ် (၄၀)၊ မြေကွက်အမှတ်(40)ဟုခေါ်တွင်သော မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေကို ဦးသိန်းဝင်းနှင့် ဒေါ်ရွှင်မန့်တို့ အမည်ဖြင့် ဂရန်သစ်ပြုလုပ်ရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## သွေးသည် အသက်

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)
## သထုံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၅

| | | |
|---|---|---|
| ၁။ ဦးနေဝင်း<br>၂။ ဦးစိုးသိန်း | နှင့် | ၁။ ဒေါ်ရော်ဇန်ဘား<br>၂။ ဦးလှထွန်း<br>၃။ ဦးဝင်းအောင်သိန်း<br>၄။ ဦးဖြိုးဝေသိန်း<br>၅။ ဒေါ်မိငယ် |
| **တရားလို** | | **တရားပြိုင်များ** |

သထုံမြို့၊ အမှတ် (၇၂)၊ ဘင်လိုင်လမ်းမတန်း၊ စရီစွဋ္ဌာမဏိဘုရားကျောင်း ရှေ့နေ (၂) တရားပြိုင် ဦးလှထွန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုခဲ့သူများအား နှင်ထုတ်ဖယ်ရှားပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်9H/7537 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ ဇေယျာသီရိ(၇)လမ်း၊ တိုက်အမှတ် ၁၄၄၊ မြေညီထပ် ခေါင်းရင်းခန်းဟု ခေါ်တွင်သော အကျယ်အဝန်း (၁၂ပေခွဲxပေ ၅၀)၊ အမြင့် ၁၈ပေရှိ အခန်းတစ်ခန်းနှင့် ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်ထားပြီး၊ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဆန်းရှိန်သက် ၁၂/ရကန(နိုင်)၀၈၂၆၃၉ထံမှ ကျွန်တော် ဦးသန်းဝင်းအောင် ၁၂/သကတ(နိုင်)၁၉၃၈၄၅မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးသန်းဝင်းအောင်**
**၁၂/သကတ(နိုင်)၁၉၃၈၄၅**
**ဖုန်း-၀၉-၉၆၂၅၉၁၅၈၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ အမှတ် (၄၂)ရပ်ကွက်၊ မြေကွက်အမှတ် (၁၁၀၉)၊ ဦးဥဏ္ဏလမ်း၊ မှတ်ပုံတင်အမှတ် (၁၇၈၈)ဖြင့် ချထားပေးသော မြေပါမစ်ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ နေထိုင်လျက်ရှိသော ဒေါ်ခင်မာအေး ၁၁/ပဏက(နိုင်)၀၀၉၅၂၂က ဂရန်ထုတ်ယူရန် လျှောက်ထားမှုအား ကန့်ကွက်လိုက မည်သူမဆို ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဌေး LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၀၃)**
**အမှတ် ၈၅(၇လွှာ)၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**

## အမည်ပြောင်း

ဦးကျော်စွာဦး၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၆) Grade-11မှ မကေကဗျာ၏ အမည်အား မခိုင်ဝင့်သော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခိုင်ဝင့်သော်**

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ဝေဘာဂီ)၊ မြေကွက်အမှတ်(၁၉၁)၊ (၀.၀၃၃၈ဧက)၊ မြေကွက်တည်နေရာအမှတ်(၁၉၁)၊ ချင်းတွင်းလမ်း၊ (၄/ဝေဘာဂီ)ရပ်ကွက် ဦးကံရှိန် (၁၂/မရက(နိုင်)၀၈၄၅၂၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကိုယ်တိုင်မှ မြေစာရင်းမှတ်ချက်ရှိ (၂၀၁၅)ခုနှစ် ဘဏ်ချေးမြေပုံမူရင်းမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် ဘဏ်ချေးမြေပုံအား အသုံးပြုခဲ့ခြင်းလည်း မရှိပါကြောင်း အခြားသူများအား ပေးကမ်းခြင်း ရောင်းချခဲ့ခြင်းလည်း မရှိပါကြောင်း မြေပုံပျောက်ဆုံးခြင်းနှင့် ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိပါကြောင်း မြေပုံမူရင်းသည် အမှန်တကယ်ပျောက်ဆုံးခြင်းသာဖြစ်ပြီး ၎င်းမြေပုံနှင့်ပတ်သက်၍ အရှုပ်အရှင်းပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိတင်ပြသည့် ကျမ်းကျိန်လွှာအမှတ် (၁၆/၂၀၂၃/၂-၁-၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တကုမာရ (ညောင်ပင်ဆိပ်)
## သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကွက်လ္လာသယ(၂)လမ်း၊ ရွာဦးကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော်၊ တေဇစက္ကီဆရာတော်ကြီး၏ သားတပည့် ဘဒ္ဒန္တကုမာရသည် (၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်) ၁၅-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁၂:၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမဈာပနကို ၁၇-၂-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း။

**တပည့်ဒါယကာ/ဒါယိကာမများ**

## ဦးအောင်ကျော်စိုး
## အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၄၇)နှင့် မန္တလေးမြို့၊ အမှတ်(N ၁/၄)113(B)x75(B)ထောင့်၊ အိမ်တော်သစ်ညှော့ရိပ်မွန်နေ (ဦးအုန်းရွှေ)(မန်နေဂျာ၊ ယာဉ်စက်ကော်ပိုရေးရှင်း-ငြိမ်း)-ဒေါ်ခင်သန်း(အလပြ- ငြိမ်း)တို့၏သားကြီး၊ ဦးအောင်ကျော်မျိုး(ရွှေရတနာကုမ္ပဏီ)၊ ဦးရန်နောင်စိုး-ဒေါက်တာဒေါ်ခင်နှင်းဖြူ(တွဲဖက်ပါမောက္ခ၊ မြင်းခြံတက္ကသိုလ်)၊ ဦးအောင်ကျော်မင်း- ဒေါ်သူဇာအောင်၊ ဦးကျော်မင်းမင်းထိုက်-ဒေါ်စိုးနှင်းဖြူတို့၏ အစ်ကိုကြီး၊ တူ၊ တူမငါးယောက်တို့၏ဘကြီး ဦးအောင်ကျော်စိုး အသက်(၅၄)နှစ်သည် ၁၅-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၂၃ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၇၁၃)၊ မြေဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးရဲလင်းအောင်(ဘ)ဦးဆန်းဝင်း ၉/နထက(နိုင်)၁၃၁၄၀၀ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို ဦးရဲလင်းအောင်ထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၅၂၇/၂၀၂၀)၊ (၂၈-၈-၂၀၂၀)ရရှိထားသူ ဒေါ်ဖြိုးဝတ်ရည်သင်း(ဘ)ဦးသာထွန်း ၁၂/လသယ(နိုင်)၁၀၃၄၈၉မှ ဒေါ်ဇင်မာလာခိုင်(ဘ)ဦးစိုးမြင့် ၁၂/ဗဟန(နိုင်)၀၀၂၅၇၃နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၆၇)၊ ထောင်ကုန်း အကွက်၊ ဦးပိုင်အမှတ် (၂၄/င)၊ ဧရိယာ ၀ဒသမ၀၆၉ဧကရှိ ဦးအောင်မိုးမြင့် အမည်ပေါက် ဘိုး/ဘပိုင်မြေကွက်အား ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ ထောင်ကုန်းလမ်း၊ အမှတ် (၂၃)နေ ဒေါ်မီမီသက်၊ ဒေါ်မေဇင်မိုးတို့မှ မြေအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထား ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၈၄)၊ ဈေးအကွက်၊ ဦးပိုင်အမှတ် (၁၁၂/ဆ)၊ ဧရိယာ ၀ဒသမ၀၂၂ဧကရှိ ဒေါ်အေးအေးခိုင်၊ ဒေါ်နီနီအောင်၊ ဒေါ်မေသန်းစိုးအောင်တို့၏ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ် (၄၉)နေ ဦးနေမျိုးဦး(ခ) ဦးနေလင်းထက်မှ မြေအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထား ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၈၁)၊ စဉ့်အိုးဘို အကွက်၊ ဦးပိုင်အမှတ်(၁၄၀/က)၊ ဧရိယာ(၀ဒသမ၀၅၃)ဧကရှိ ဦးသော်ဇင်ဖြိုး၊ မနှင်းဝတ်ရည်၊ မဆုမွန်ရည်တို့၏ အမည်ပေါက် ဘိုး/ဘပိုင်မြေကွက်အား ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၂၀/၈)နေ ဒေါ်နှင်းဝတ်ရည်၊ ဒေါ်ဆုမွန်ရည်တို့မှ မြေအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြပါချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်
## အသက် (၈၇)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး-ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ခင် အသက် (၈၇)နှစ်သည် ၁၄-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီးနှင့်**
**ဝန်ထမ်းမိသားစုများ**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ခင်
## အသက် (၈၇)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး - ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ခင်သည် ၁၄-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**ဝန်ထမ်းမိသားစုများ**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပုသိမ်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆၉

| | | |
|---|---|---|
| ကိုဖြိုးဝေကျော် | နှင့် | နန့်ဆွေမာလွင် |
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ (၁၀)လမ်း၊ ဥမ္မာဒန္တီကွက်ဟောင်း၊ အိမ်အမှတ်(၂)နေ တရားပြိုင် နန့်ဆွေမာလွင်(ဘ) ဦးစောသန်း (ယခုနေရပ်လိပ်စာမသိရ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုဖြိုးဝေကျော်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မတ်လ ၆ရက် (၁၃၈၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဖေဖော်ဝါရီလ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းသော်တာခိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၄)**
**ပုသိမ်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မြောင်းမြမြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉၅

| | | |
|---|---|---|
| ဒေါ်စန်းစန်းယု | နှင့် | ဒေါ်မြင့်မြင့်စိန် |
| **တရားလို** | | **တရားပြိုင်** |

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြဇေယျာရပ်ကွက်၊ ဂုန်နီစက်ရုံလမ်းမကြီး၊ မုဆိုးကွင်းကျေးရွာအုပ်စုနေ ဒေါ်မြင့်မြင့်စိန်(ဘ) ဦးလှသော် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းစန်းယုက စရန်ငွေအဖြစ်ရယူထားသောငွေသိန်း(၉၀)ကျပ်အား ပြန်လည်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်သိုက်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၃)**
**မြောင်းမြမြို့နယ်တရားရုံး**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ခင်

### အသက် (၈၇)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး - ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ခင်သည် ၁၄-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဦးရန်နိုင်မြင့်

### Deputy General Manager

### (Marine Pilot)

### Marine Department

### အသက် (၅၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အခန်း (၅၀၆)၊ တာဝါ (A)၊ (၁၀)လွှာ၊ Junction Mawtin နေ ဦးစိုးမြင့်(ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၁၊ ကြွေ/မြေ)- (ဒေါက်တာဒေါ်ရီရီမြင့်) ဆရာဝန်ကြီး(ငြိမ်း)တို့၏သားထွေး၊ (ဦးဇော်မြင့်) ကုန်သွယ်လယ်ယာ-ဒေါ်အေးအေးမြတို့၏သား/သမက်၊ ဒေါ်ခိုင်ဆွေသင်း၏ ချစ်လှစွာသောခင်ပွန်း၊ မအေးပွင့်ဖြူသင်း၏ ချစ်လှစွာသောဖခင်၊ ဦးအောင်စိုးမြင့်-ဒေါ်မင်းမင်းလှိုင်၊ (ဦးတင်ထွန်းမြင့်)၊ ဒေါ်ဝေဝေမြင့်၊ ဒေါ်သက်နှင်းခိုင်၊ ဒေါ်စိုးပပမြင့် တို့၏အစ်ကို/ညီ/မောင်၊ မောင်လှဘုန်းမြင့်-မအိသန့်စင်၊ မကြယ်စင်သစ်တို့၏ ဦးလေးဖြစ်သူ ဦးရန်နိုင်မြင့်သည် ၁၆-၂-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၀:၅၀ နာရီတွင် ဂရန်းဟံသာဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၈-၂-၂၀၂၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးရန်နိုင်မြင့်

### Deputy General Manager (Marine Pilot)

### Marine Department

### အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အခန်း(၅၀၆)၊ တာဝါ(A)၊ (၁၀)လွှာ၊ Junction Mawtin နေ ဦးရန်နိုင်မြင့် အသက်(၅၃)နှစ်သည် ၁၆-၂-၂၀၂၃ရက် နံနက် ၁၀:၅၀နာရီတွင် ဂရန်းဟံသာဆေးရုံတွင် ကွယ်လွန်အနိစ္စသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာဘုံဘဝရောက်ပါစေ။

**စစ်တက္ကသိုလ် အမှတ်စဉ်(၃၂)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးရန်နိုင်မြင့်

### ရေကြောင်းပြမှူးကြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

### အသက်(၅၃)နှစ်

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနမှ ရေကြောင်းပြမှူးကြီး ဦးရန်နိုင်မြင့်သည် ၁၆-၂-၂၀၂၃ရက် နံနက် ၁၀:၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4A/6921 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)ရှိ ဒေါ်အင်ကြင်းဦး (ဘ)ဦးမျိုးသန့် ၁၂/မဘန(နိုင်)၀၉၇၉၃၃ အမည်ပေါက် မြေကွက်အမှတ် (၃၅၃)၊ ဧရိယာ ၀ဒသမ၀၈၂ဧက၏ မြေပေးမိန့်(မူရင်း) ပျောက်ဆုံးသွားသဖြင့် မြေပေးမိန့်(မိတ္တူမှန်)ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူမှ မြေပေးမိန့်မိတ္တူ ပျောက်ဆုံး သွားသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဝန်ခံကတိပြုချက်၊ ၎င်းမြေကွက်ကိုချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦး ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်(မိတ္တူမှန်)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ခင်

### အသက် (၈၇)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး-ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ခင်သည် ၁၄-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ခင်

### အသက် (၈၇)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး - ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ခင်သည် ၁၄-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းများ**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ခင်

### အသက် (၈၇)နှစ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇေယျာသီရိမြို့နေ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး-ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ခင်သည် ၁၄-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ**
**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးကိုကိုအောင်

### ဥက္ကဋ္ဌ၊ ကမ္ဘောဇဘုရင်အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်

### အသက်(၆၄)နှစ်

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ အလုပ်အမှုဆောင် ဦးကိုကိုအောင်သည် ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅:၃၀ နာရီတွင် ပင်လုံဆေးရုံ၌ အလ္လာရှင်မြတ်၏ အမိန့်တော်ကို ခံယူသွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

## ဦးသန်းထွန်း

### အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝလမ်း (၂၀)၊ အမှတ်(၁၉၀/က)နေ (ဦးနေဝင်း-ဒေါ်ခင်ကြည်)တို့၏သားကြီး၊ (ဦးဝင်းမြင့်-ဒေါ်ငွေးဝင်း) တို့၏သားသမက်၊ ဒေါ်ကြူကြူခိုင်၏ ခင်ပွန်း၊ ဒေါ်ကြည်ကြည်စိန်၊ ဒေါ်မြင့်မြင့်ခိုင်တို့၏မောင်၊ ဦးဖိုးစိန်-ဒေါ်နန်းသိင်္ဂီတင်၊ ဦးသန်းဦး-ဒေါ်မီမီအောင်၊ ဒေါ်တင်တင်အေး၊ ဦးစိုးလွင်-ဒေါ်ဖြူ ဖြူ၊ ဦးလှမင်း-ဒေါ်ကြည်ဖြူဆွေ၊ (ဦးဖုန်းမြင့်) -ဒေါ်ခင်မူဝင်း၊ ဦးခင်မောင်မြင့်-ဒေါ်ခင်ငွေးမြင့်၊ ဦးမိုးမြင့်-ဒေါ်နွယ်နွယ်လွင် တို့၏ အစ်ကို၊ ဦးမြတ်ကိုကို-ဒေါ်ခိုင်ငြိမ်းသူ၊ မခိုင်ငြိမ်းထွန်းတို့၏ ဖခင်၊ တူ/တူမ ၁၃ ယောက်တို့၏ဘကြီး၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁၆-၂-၂၀၂၃ရက် (ကြာသပတေး နေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ အမှတ် (၁) ရပ်ကွက်ကြီး၊ ဘုရားကြီးကွင်း၊ ကွင်းအမှတ် ၅၄၂၊ ဦးပိုင်/မြေကွက်အမှတ် ၅၃၇ မစိုက်ပျိုးနိုင်သော မြေလပ် ၁ဒသမ၆၅ဧကပေါ်တွင် ဆောက်လုပ်ထားသော သစ္စာဂုဏ်ရည်ကျောင်း၊ အခွန်လွတ်သာသနာ့မြေအတွက် ကန့်ကွက်လိုသော ပုဂ္ဂိုလ်များသည် ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ၁၅ ရက်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အောက်ဖော်ပြပါ ကာယကံရှင်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

**အရှင်တိက္ခ ၇/ပခန(သ)၀၀၉၅၀၈**
**သစ္စာဂုဏ်ရည်ကျောင်းတိုက်၊ ဘုရားကြီးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ခင်

### အသက် (၈၇)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး-ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသော မိခင် ဒေါ်ခင်ခင်သည် ၁၄-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ**
**စွမ်းအင်ဝန်ကြီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/02068, Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းထိုက် ၁၄/ပသန(နိုင်) ၁၉၈၉၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဝမ်းနည်းကြေကွဲခြင်း

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်ခင်

### အသက် (၈၇)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး-ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်ခင်သည် ၁၄-၂-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ထမ်းမိသားစု**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ဦးမြသောင်း

### ပါမောက္ခ(ငြိမ်း)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

### စစ်တက္ကသိုလ်၊ မေမြို့၊ အပတ်စဉ်(၁ မှ ၃၀ အထိ)

### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရတနာကျွန်းရိပ်သာ၊ စိန်ရတီလမ်း၊ အမှတ်(၁၁၀)နေ (ဦးသက်ထွန်း-ဒေါ်ထွန်းရင်)တို့၏သား၊ (ဦးခင်မောင်-ဒေါ်ခင်အုံး)တို့၏သားသမက်၊ ဒေါ်ညွှန့်ညွှန့်ခင်(အထက၊ သုဝဏ္ဏ-ငြိမ်း/အထက-၂၊ ကမာရွတ်-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်မြတ်မြတ်ဝင်း၊ ဦးကျော်ဇေယျ-ဒေါ်ခင်ပပ၊ ဦးသောင်းညွှန့်အောင်-ဒေါ်ညွှန့်ညွှန့်အောင်၊ ဦးရဲ ထွန်းနိုင်-ဒေါ်သင်းသင်းဦး၊ ဦးမြင့်ဇော်-ဒေါ်ခင်ချိုစုတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၅-၂-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈:၄၅နာရီတွင် လူကြီးရောဂါဖြင့် ရွှေလမင်း ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၂၃ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်စန်းဝင်း

### ဒုတိယကျောင်းအုပ်ကြီး(ငြိမ်း)

### မော်လမြိုင်ပညာရေးကောလိပ်

### အသက် (၆၇)နှစ်

ကျိုက်ကော်မြို့၊ ဦးကြီးယား-ဒေါ်ပုလုံးတို့၏ မြစ်၊ ဦးပွေ့-ဒေါ်သိန်းလှနှင့် ဘီးလင်းမြို့၊ ဦးစောယုဆိုင်-ဒေါ်ကြင်မေ တို့၏မြေး၊ မော်လမြိုင်မြို့၊ အငြိမ်းစားစာတိုက်ဝန်ထောက် ဦးစံချောင်း-ဒေါ်မြဆင့်တို့၏သမီးငယ်၊ ဒေါ်ခင်သန်းဝင်း(ကျောင်းအုပ်ကြီး-ငြိမ်း၊ မော်လမြိုင်ကူးသန်းရောင်းဝယ်ရေးပညာသင်ကျောင်း)၊ ဦးကျော်ဇေနိုင်(တွဲဖက်ပါမောက္ခ-ငြိမ်း) ဥပဒေပညာဌာန၊ မော်လမြိုင်တက္ကသိုလ်၊ ဒေါ်တင်ဝင်းရည်(စာကြည့်တိုက်မှူး-ငြိမ်း၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ ဒေါက်တာသန်းငွေး-ဒေါ်ညိုညိုနွဲ့၊ ဒေါက်တာဇော်လင်း(ပါမောက္ခချုပ်-ငြိမ်း၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)တို့၏ညီမ၊ ဒေါက်တာသက်အောင်-ဒေါ်သန်းသန်းလှတို့၏အစ်မသည် ၁၆-၂-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် မော်လမြိုင်မြို့၊ မြောက်ခရွန်း၊ နောင်ခရီရပ်၊ ရန်ကုန်-မြိတ် လမ်းမကြီးနေအိမ်၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၁၇-၂- ၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ဂွေးကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟအပေါင်းနှင့်တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထိန်ဝင်း AGTI (Civil)85(ပြည်)

### အသက်(၆၁)နှစ်

မကွေးတိုင်းဒေသကြီး၊ မိကျောင်းရဲမြို့၊ မြို့မလမ်း၊ အိမ်အမှတ်(၉၇၂)နေ (ဦးမြင့်သိန်း-ဒေါ်ကြင်လှ)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယ န္တာလမ်း၊ အိမ်အမှတ်(၄၄)နေ (ဦးထွန်းကြည်)-ဒေါ်သန်းရွှေတို့၏သားသမက်၊ ဒေါ်ဝင်းမင်းသန်း၏ခင်ပွန်း၊ မောင်မင်းခန့်၊ ဘိုဘို၊ မယမင်းသီရိတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်မာလာ၊ (ဦးထိန်လင်း)တို့၏မောင်၊ ဒေါ်မို့မို့လွင်၊ ဒေါ်သီဂီ၊ ဦးထိန်မင်းတို့၏ ချစ်အစ်ကို ဦးထိန်ဝင်းသည် ကန်သာယာဆေးရုံ၌ ၁၆-၂-၂၀၂၃ရက် နံနက် ၃:၄၀နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၂-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)တွင် တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အိမ်အမှတ်(၄၄)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/သပြေကုန်း)၊ မြေကွက်အမှတ် (S-၁၄၉)၊ ဧရိယာ(၀ဒသမ၂၂၉)ဧကရှိ ဦးပြေတီဦး၊ ဒေါ်အိန္ဒြာကျော်ဇင် အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူများထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဆော်ရင်လု(ဘ)ဦးဆောက်ကွယ်ကျွမ်း ၁၃/ကခန(နိုင်) ၀၀၉၈၂၄မှ (ယာယီ)မြေနေရာချထားခြင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၂၆၃၄၃/၂၀၁၄)၊ အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေပေးမိန့် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

---

❖ **ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေး အဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲ ဖြစ်ပါတယ်။ ပြည်တွင်း၊ ပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေ ရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက် ခရီးမပေါက်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

# အာဆီယံတွင် မြန်မာတစ်နိုင်ငံတည်း ဒေသမျိုးရင်းအဖြစ်တည်ရှိနေသည့် ငါးမြင်းငါးကို National Fish အဖြစ်သတ်မှတ်နိုင်ရန် ကြိုးပမ်းသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အာဆီယံနိုင်ငံများ အကြား မြန်မာတစ်နိုင်ငံတည်းတွင် ဒေသမျိုးရင်းအဖြစ် တည်ရှိနေသည့် ငါးမြင်းငါးကို စီးပွားဖြစ် မွေးမြူထုတ်လုပ်၍ National Fish အဖြစ် သတ်မှတ်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး) မှ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သို့ ငါးမြင်းမျိုးစိတ်ကောင်ရေ ၁၀၀ သုတေသနပြု သားဖောက်မွေးမြူထုတ်လုပ်ရန် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားမှ သိရသည်။

ပြည်ပဝယ်လိုအား အသင့်ရှိနေသော မြန်မာ့မျိုးရင်းငါးမြင်းငါးကို မွေးမြူထုတ်လုပ်နိုင်ရန် ကနဦး သားဖောက်လုပ်ငန်း

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖



မြန်မာ့မျိုးရင်း ငါးမြင်းငါးများကို ငါးလုပ်ငန်းသိပ္ပံ (တွံတေး) မွေးမြူရေးကန်တွင် ဖမ်းဆီးနေစဉ်။

---

**ယနေ့ သတင်းအညွှန်း**


*မြန်မာ - ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး*

**ရုရှားဈေးကွက်ခရီးသွားမြှင့်တင်ရေးနှင့် မော်စကိုနိုင်ငံတကာခရီးသွားပြပွဲ** ဆောင်းပါး စာ ၆

**တနင်္သာရီတိုင်းဒေသကြီးရှိ ဂျင်း (သွေးခုံ) သားပေါက်များ ဈေးကောင်းရလျက်ရှိ** စီးပွားရေးသတင်းများ စာ ၁၁

**ငလျင်ဘေးဒဏ်ခံ တူရကီယဲနှင့် ဆီးရီးယားနိုင်ငံတို့သို့ ဂျပန်နိုင်ငံမှ အမေရိကန် ဒေါ်လာ ၂၇ သန်း အကူအညီ ထောက်ပံ့ပေးသွားမည်** နိုင်ငံတကာသတင်း စာ ၁၄


---

## သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် သမိုင်းဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၆) နှင့် (၁၇) တို့တွင် ဖော်ပြထားပါသည်။